# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၅)၊ အမှတ်(၁၄၁)


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီ၌ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ က ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသရက ဆောင်ရွက်တော်မူသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✳


ယနေ့ ဇာတ်စရာ

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်) ပြဋ္ဌာန်း — ဥပဒေ — စာ ၃

မြတ်စွာဘုရားလွတ် ရေကြည်ပေါ်ဆန်း(မြန်မာ့ဆန်အိုးကြီးမှ ဆန်းသစ်သော ခြေလှမ်း) — ဆောင်းပါး — စာ ၆



မန်းရွှေစက်တော်ရာဘုရားကြီး၌ ရုံးပိတ်ရက်ရှည်ကာလအတွင်း ဘုရားဖူးပြည်သူများဖြင့် စည်ကားခဲ့ — ပြည်တွင်းသတင်း — စာ ၁၆

# ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်) ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်)**

**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၇ / ၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်)**ဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ဏ) ၏နောက်တွင် ပုဒ်မခွဲ (တ) နှင့် ပုဒ်မခွဲ (ထ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ) **ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း** ဆိုသည်မှာ အကူသူနာပြုများကိုဖြစ်စေ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများကိုဖြစ်စေ ကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနည်းပညာဘာသာရပ်အလိုက် စနစ်တကျ လေ့ကျင့်သင်ကြားမွေးထုတ်နိုင်ရန် သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်သောလုပ်ငန်းကို ဆိုသည်။

(ထ) **ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း** ဆိုသည်မှာ သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ ဆေးကုသဌာန တည်ထောင်ဖွင့်လှစ်၍ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသောဘာသာရပ်ဆိုင်ရာ အထူးဆေးကုသခွင့်လိုင်စင်ရရှိသူက အနည်းဆုံး ၂၄ နာရီ စောင့်ကြည့်ကုသရန် မလိုအပ်သည့် ပြင်ပလူနာများအား ခွဲစိတ်ကုသမှုကို စနစ်တကျကုသသည့်လုပ်ငန်းကို ဆိုသည်။

**ရှင်းလင်းချက်။** **အနည်းဆုံး ၂၄ နာရီ စောင့်ကြည့်ကုသရန် မလိုအပ်သည့်ပြင်ပလူနာများအား ခွဲစိတ်ကုသမှု** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၁၀-ခ ပါ အင်္ဂါရပ်များနှင့် ညီညွတ်မှုရှိသည့် ခွဲစိတ်ခန်းအသုံးပြု၍ ခွဲစိတ်မှုပြုလုပ်ကုသရန် လိုအပ်သော်လည်း ဆေးရုံတွင် ၂၄ နာရီထက် ကျော်လွန်၍ အတွင်းလူနာအဖြစ် တက်ရောက်ကုသရန် လိုအပ်ခြင်းမရှိသည့် ခွဲစိတ်ကုသမှုကို ဆိုသည်။"

(ခ) မူလပုဒ်မခွဲ (တ)၊ (ထ)၊ (ဒ)၊ (ဓ) နှင့် (န) တို့ကို ပုဒ်မခွဲ (ဒ)၊ (ဓ)၊ (န)၊ (ပ) နှင့် (ဖ) တို့ အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

၃။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေတွင် ပါရှိသော **"အစိုးရအဖွဲ့"** ဆိုသည့်စကားရပ်ကို **"ပြည်ထောင်စုအစိုးရအဖွဲ့"** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ **"ကျန်းမာရေးဦးစီးဌာန"** ဆိုသည့်စကားရပ်ကို **"ကုသရေးဦးစီးဌာန"** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ **"ကြိုတင်ခွင့်ပြုချက်"** ဆိုသည့်စကားရပ်ကို **"ကြိုတင်ထောက်ခံချက်"** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ **"ပြည်နယ်၊ တိုင်း"** ဆိုသည့်စကားရပ်ကို **"နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်"** ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (ဈ) ၏နောက်တွင် ပုဒ်မခွဲ (ဉ) နှင့် (ည)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဉ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၊

(ည) ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း။"

၅။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ အခန်း (၈) ၏ နောက်တွင် အခန်း (၈-က) နှင့် အခန်း (၈-ခ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း (၈-က)**

**ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၏ အင်္ဂါရပ်များ**

၁၀-က။ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်-

(က) သင်တန်းကျောင်း၏ ရည်ရွယ်ချက်နှင့်ကိုက်ညီသည့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု စနစ်တို့ကို စီစဉ်ထားရှိခြင်း၊

(ခ) ဆေးလက်တွေ့သင်ကြားမည့်သင်တန်းများအတွက် သက်ဆိုင်သောဌာနများ ပါရှိသည့်ဆေးရုံများနှင့် တွဲဖက်ဖွင့်လှစ်ခြင်း၊

(ဂ) ဆေးလက်တွေ့မဟုတ်သည့် သင်တန်းများအတွက် လိုအပ်သည့် အထောက်အကူပစ္စည်းများ ပြည့်စုံစွာထားရှိခြင်း၊

(ဃ) အဆောက်အအုံ၏ပုံစံနှင့် အခန်းဖွဲ့စည်းမှုများသည် ကျောင်းအင်္ဂါရပ်များဖြင့် ညီညွတ်ခြင်း၊

(င) မီးဘေးအန္တရာယ်လုံခြုံရေး၊ လေဝင်လေထွက် ကောင်းမွန်ရေးနှင့် လုံလောက်သော အလင်းရောင်ရရှိရေးတို့ကို စီစဉ်ထားခြင်း၊

(စ) သင်ကြားပြသပေးမည့် ဘာသာရပ်ဆိုင်ရာဆရာများ ခန့်အပ်ထားခြင်း၊

(ဆ) လုပ်ငန်းဆိုင်ရာ စံသတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများဖြင့် လေ့ကျင့်သင်ကြားခြင်း၊

(ဇ) သင်တန်းသားလက်ခံရေးမူဝါဒနှင့် စိစစ်အကဲဖြတ်ရေးမူဝါဒတို့ကို ရေးဆွဲထားခြင်း၊

(ဈ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း။

**အခန်း (၈-ခ)**

**ပုဂ္ဂလိကပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း၏ အင်္ဂါရပ်များ**

၁၀-ခ။ ပုဂ္ဂလိကပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်-

(က) လုံလောက်သောအကျယ်အဝန်းရှိသည့် သီးခြားအဆောက်အဦရှိခြင်းနှင့် သတ်မှတ်ချက်များနှင့် ပြည့်စုံသောနေရာတွင် တည်ထောင်ခြင်း၊

(ခ) အဆောက်အအုံပုံစံနှင့် အခန်းဖွဲ့စည်းမှုများသည် သတ်မှတ်ထားသောစံများနှင့် ညီညွတ်ခြင်း၊

(ဂ) ဆေးကုသဌာနအတွင်း၊ အပြင်နှင့် ပရိဝုဏ်တို့ကို သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဃ) ပြင်ပလူနာများကို ခွဲစိတ်ကုသမှုပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ခွဲစိတ်ပစ္စည်းကိရိယာများ ထားရှိခြင်း၊

(င) လူနာများကို အရေးပေါ် အသက်ကယ်ကုသစောင့်ရှောက်မှုပေးနိုင်ခြင်း၊

(စ) သတ်မှတ်ထားသော စံနှင့် ညီညွတ်သော ပစ္စည်းကိရိယာနှင့် ဆေးဝါးများ ထားရှိခြင်း၊

(ဆ) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊

(ဇ) အန္တရာယ်ကင်းသော သွေးသွင်းကုသမှုအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဈ) ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး၊ ကူးစက်ရောဂါမပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော စံနှင့်အညီ စနစ်တကျစွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊

(ည) သန့်ရှင်းသော သောက်ရေ၊ သုံးရေ လုံလောက်စွာရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဋ) ရေနှင့် မိလ္လာစနစ်ကို စနစ်တကျ တည်ဆောက်ထားခြင်း၊

(ဌ) ဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုနှင့် အရေးပေါ်ကယ်ဆယ်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဍ) ကောင်းမွန်သော ဆက်သွယ်ရေးစနစ်ရှိခြင်း၊

(ဎ) လျှပ်စစ်မီး ၂၄ နာရီပတ်လုံး ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဏ) ဗဟိုအဖွဲ့က အခါအားလျော်စွာသတ်မှတ်သည့် အခြားလိုအပ်ချက်များကို ဆောင်ရွက်ထားခြင်း။"

၆။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၁ အရ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်းများမှအပ အခြား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ်ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိ အဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ထောက်ခံချက် လျှောက်ထားသည့်ကိစ္စဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်၊

(ခ) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ်ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိ အဆောက်အအုံကို ပြုပြင်ရန်ကြိုတင်ထောက်ခံချက် လျှောက်ထားသည့်ကိစ္စဖြစ်ပါက စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ ကြိုတင်ထောက်ခံချက် ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ထောက်ခံချက်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။"

၇။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီသည်-

(က) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်းများမှအပ အခြား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားခြင်းကို စိစစ်ပြီးသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။"

၈။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၂၅ ပုဒ်မခွဲ (ဏ)၏နောက်တွင် ပုဒ်မခွဲ(တ)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န)၊ (ပ) နှင့် (ဖ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ) သက်ဆိုင်ရာလိုင်စင်အရ ခွင့်ပြုထားသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း၏ အချက်အလက်များကို မမှန်မကန်ကြော်ငြာခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ထ) သက်ဆိုင်ရာလိုင်စင်အရ ခွင့်ပြုထားသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း၏ အချက်အလက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ခြင်း၊

(ဒ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းတွင် ဘာသာရပ်အလိုက် လိုအပ်သည့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ ပြည့်စုံလုံလောက်စွာထားရှိပြီး သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားနိုင်ရန် စီမံထားရှိခြင်း၊

(ဓ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၏ သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများနှင့် သက်ဆိုင်ခြင်းမရှိသည့် ပါတီနိုင်ငံရေးဆိုင်ရာ အကြောင်းအရာများ၊ ဘာသာရေးဆိုင်ရာအကြောင်းအရာများနှင့် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော အကြောင်းအရာများကို သင်ကြားပို့ချခြင်းမပြုရန် ကြပ်မတ်ခြင်း၊

စာမျက်နှာ ၄ သို့





နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

*✱ ရွှေဖုံးမှ*

အစည်းအဝေးတွင် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာစိဏ္ဏက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီတွင် ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရက အတည်ပြုချက်ရယူပြီး အစည်းအဝေးတက်ရောက်လာကြသည့် ဆရာတော်များအားလုံးက "ဇယန္တော ဗောဓိယာမူလေ" အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓုသုံးကြိမ်ခေါ်ဆိုလျက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်၊ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သဃာ်န်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမဓမ္မမိတ်ဆွေများက စတုစတ္တာလီသတိမ(၄၄) ကြိမ်မြောက် အရုဏ်ဆွမ်းနှင့်နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၃ မှ*

(န) ဖွင့်လှစ်ဆဲ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းတစ်ခုခု ရပ်နားလိုပါက သင်တန်းတက်ရောက်ဆဲ သင်တန်းသားများ၏ အခွင့်အရေး မဆုံးရှုံးစေရန် စီမံဆောင်ရွက်ခြင်း၊

(ပ) သင်တန်းသားတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်၊ သင်ယူတတ်မြောက်မှု အရည်အချင်းမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ထားရှိခြင်း၊

(ဖ) သင်တန်းသားများ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုကို စစ်ဆေး၍ သင်တန်းပြီးဆုံးကြောင်း အောင်လက်မှတ်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ထုတ်ပေးခြင်း။"

၉။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၃၁ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၃၁။ မည်သူမဆို ပုဂ္ဂလိက ဆေးရုံလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ကုသမှုအထောက်အကူပြု သင်တန်းကျောင်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၁၀။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၃၃။ မည်သူမဆို ပုဂ္ဂလိက ဆေးရုံလုပ်ငန်း၊ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၊ ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း၊ ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းတို့မှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ၃ လမှ အများဆုံးထောင်ဒဏ် ၁ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် တရုတ်ရိုးရာ မင်္ဂလာမြင်းနှစ် နှစ်သစ်ကူးပွဲတော် တက်ရောက်

**ဘားအံ ဖေဖော်ဝါရီ ၁၇**

၂၀၂၆ ခုနှစ် တရုတ်ရိုးရာ မင်္ဂလာမြင်းနှစ် နှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ အမှတ်(၁)ရပ်ကွက်ရှိဘားအံကျန့်တိတ်ဗုဒ္ဓဘာသာဘုံကျောင်း၌ ကျင်းပသည်။

နှစ်သစ်ကူးပွဲတော်သို့ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘားအံကျန့်တိတ်ဘုံ လူကြီးများနှင့် Grand Dragon & Lion အဖွဲ့မှ လူငယ်များက လိုက်လှဲနွေးထွေးစွာ ကြိုဆိုကြကာ တရုတ်ရိုးရာနှစ်သစ်ကူးပဝါများဖြင့် ဂါရဝပြုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် လျှပ်စစ်မြောက်အိုးအား စက်ခလုတ်နှိပ်၍ နှစ်သစ်ကူးအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တရုတ်ရိုးရာခြင်္သေ့အရုပ်အား ဆေးခြယ်အသက်သွင်းခြင်းမင်္ဂလာ (ခိုင်းကွမ်းမင်္ဂလာ)



အခမ်းအနားကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကျန့်တိတ်ဘုံကျောင်းတွာကိုးတို့က တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က တရုတ်နှစ်သစ်ကူး မင်္ဂလာဆုတောင်းစကားပြောကြားပြီး ဘားအံကျန့်တိတ်ဘုံကျောင်းအတွက် ငွေကျပ်သိန်း ၂၀ ကို နှစ်သစ်ကူးအန်ပေါင်း ပေးအပ်ခဲ့သည်။

ယမန်နေ့နံနက်ပိုင်းကလည်း အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကရင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီက ကြီးမှူး၍ နွေရာသီကျောင်း အားလပ်ရက်များတွင် ဖွင့်လှစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သက်မွေးပညာ ကာလတို သင်တန်းများဖြစ်သော အခြေခံကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ အိမ်တွင်းလျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က သင်ယူရရှိခဲ့သည့် အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုများကို အသုံးချ၍ မိမိမိသားစု၊ ရပ်ရွာ၊ ပြည်နယ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးစားဆောင်ရွက်ကြရန် ပြောကြားပြီး သင်ထောက်ကူပစ္စည်းများကို သင်တန်းသားကိုယ်စားလှယ်များထံ ပေးအပ်၍ သင်တန်းခန်းမများအတွင်း ဘာသာရပ်အလိုက် ကျွမ်းကျင်နည်းပြများက စာတွေ့၊လက်တွေ့ သင်ကြားပို့ချပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နေပြည်တော်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လုပ်ငန်းများပြန်လည်ပြုပြင်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာ မြို့နယ်သမဝါယမအသင်းစုပိုင်ဘက်စုံသုံးခြံ၌ ရှုရှားနေကြာ သုံးမျိုးစပ် ၁၅ ဧက စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား မျိုး၊ မြေ၊ ရေ၊ နည်း စိုက်နည်းစနစ်မှန်ကန်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သဘာဝမြေဩဇာကို အချိုးကျပေါင်းစပ် အသုံးပြုရေး၊ သီးနှံများရာသီပြည့်စိုက်ပျိုးရေး မှာကြားသည်။



ထို့နောက် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ဝေးမြို့နယ် ရန်ကုန် - မန္တလေးလမ်းဟောင်း ကြောင်ရေကျေးရွာအနီးရှိ သံကူကွန်ကရစ်တံတားပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး မှာကြားသည်။ ယင်းနောက် လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာ တောင်သူအသိပညာပေးစင်တာ (KC) ၌ နွေစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်သည်။

ဆက်လက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ဝေးမြို့ နေပြည်တော်မြို့ပတ်လမ်း(V4) လမ်း ကွန်ကရစ်လမ်းကျိုးကျပျက်စီးမှုအား ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီသောပစ္စည်းများ အသုံးပြုရေး၊ ငလျင်ဒဏ်အပြင် သဘာဝဘေးအန္တရာယ် ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာရှိ တောင်သူများ၏ လယ်မြေများတွင် နွေစပါးစိုက်ပျိုးရန် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံး စက်ကိရိယာများဖြင့် မြေပြုပြင်နေမှုနှင့် သဘာဝမြေဩဇာ ပြုလုပ်ထားရှိမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့ ကုန်တင်ယာဉ်ရပ်နားစခန်း စီမံကိန်းဆောင်ရွက်မည့်မြေနေရာ ကြည့်ရှုစစ်ဆေး

**တောင်ကြီး ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ လေးမိုင်ကွေ့-နောင်တလီ - ညိုမီး - နောင်ပနားဖွာ - လင်းကွင်း - ထီရီ (မွေးမြူရေးဇုန်လမ်း) ပေါ်တွင် သွားလာနေသည့် ကုန်တင်ယာဉ်ကြီးများ ရပ်နားနိုင်ရန် နောင်လေကျေးရွာအုပ်စု ပင်ငိုကျေးရွာအနီး ကုန်တင်ယာဉ်ရပ်နားစခန်း စီမံကိန်း ဆောင်ရွက်မည့် မြေနေရာကို ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်၌ တောင်ကြီးမြို့ မြို့ရှောင်လမ်းဘေးရှိ မြေဧရိယာ ၁၉ ဒသမ ၈ ဧကပေါ်တွင် ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်း EOI ဆောင်ရွက်မှုနှင့် Site Layout Plan တို့နှင့် စပ်လျဉ်း၍ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာန တာဝန်ရှိသူက ရှင်းလင်းတင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်နယ်ဝန်ကြီးချုပ်က ကုန်တင်ယာဉ်ရပ်နားစခန်း ဆောင်ရွက်မည့်နေရာတွင် ကားပစ္စည်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် အသေးစား ကားပြင်ဆင်မှု ဆောင်ရွက်နိုင်ရန် မြေနေရာလျာထား ဆောင်ရွက်ရေး၊ EOI ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းများကိုအမြန်ဆုံး အကောင်ထည်ဖော် ဆောင်ရွက်ရေးတို့အပါအဝင် လိုအပ်သည်များ မှာကြားသည်။




ထို့နောက် ကားလေးကွင်း ဆောင်ရွက်မည့် မြေနေရာ၊ မြို့ရှောင်လမ်း လေးမိုင်ကွေ့ - နောင်တလီ - ညိုမီး - နောင်ပနားဖွာ - လင်းကွင်း - ထီရီ(မွေးမြူရေးဇုန်လမ်း)ရှိ ဝါးရုံပင်အနီး အတက်နေရာလမ်းပြုပြင်ရန် လိုအပ်မှုနှင့် (S) ကွေ့ ပြုပြင်ဆောင်ရွက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းရေရှည်အသုံးပြုနိုင်ရန် အရည်အသွေးပြည့်ဝကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် လမ်းအကွေ့ကြီးသည့်နေရာများတွင် အန္တရာယ်ကွေ့ဆိုင်းဘုတ်များ ဆောင်ရွက်ရန်မှာကြားပြီး တောင်ကြီး အတက်လမ်း ရေတံခွန်ကျသည့်နေရာတွင် ကားလမ်းဘေးမြေထိန်းနံရံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဟိုင်းကြီးကျွန်းမြို့ ခမောက်မော်ကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲတက်ရောက်

**ပုသိမ် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ခမောက်မော်ကျေးရွာတွင် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ခမောက်မော်ကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကွန်ကရစ်လမ်းသစ်ကို တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါလမ်းသည် ငပုတောမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည်ပေ ၃၂၀၊ အကျယ် ၁၀ ပေနှင့် ဒု ၆ လက်မ ရှိကြောင်း သိရသည်။

ထို့နောက်ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ သက်တော်(၁၀၄)နှစ် သိက္ခာတော်(၈၄)ဝါရှိ သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဩဘာသဓာတိဝံသ မဟာထေရ်၏ ဥတုဇရုပ်ကလာပ်တော်အား ယခုလ ၂၂ ရက်နေ့တွင် အန္တိမအဂ္ဂိစျာပန သာခုကီဠနပူဇာသဘင် စီစဉ်ကျင်းပနိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။ ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သက်တော်ရှည်ဆရာတော်ကြီး၏ ဥတုဇ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက အလှူငွေများ လှူဒါန်းခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောင်ရွက်သော ညောင်တုန်းမြို့နယ် ကုက္ကိုဝကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း Bored Pile အခြေပြု ကျောက်စီတမံအလျားပေ ၈၅၀ ဆောင်ရွက်နေမှုအခြေအနေနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော Bored Pile အခြေပြု ကျောက်စီတမံအလျားပေ ၅၀ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တည်ဆောက်ရေးလုပ်ငန်းရှင်းလင်းဆောင်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လုပ်ငန်းများကို လာမည့်မိုးရာသီမတိုင်မီ ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညောင်တုန်းမြို့နယ် ကုက္ကိုဝကျေးရွာ ရတနာသိပ္ပံကျောင်းတိုက်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးကိစ္စရပ်များအား ဆွေးနွေးပြောကြားပြီး ရတနာသိပ္ပံကျောင်းကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တင်ပြလျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရန်ကုန်-ပုသိမ်လမ်း မိုင် ၅၉/၄ - ၅၉/၅ ကြားတွင် ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၌ မျက်နှာပြင်လွှာကွန်ကရစ်ခင်းခြင်းလုပ်ငန်းအားကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်း(မြန်မာ့ဆန်အိုးကြီးမှ ဆန်းသစ်သော ခြေလှမ်း)

**ရောဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ "ဆန်အိုးကြီး"ဟု တင်စားခံရသည်နှင့်အညီ စပါးကို အဓိက စိုက်ပျိုးထုတ်လုပ်ရာ ဒေသတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် မြန်မာ့ဂုဏ်ဆောင် "ပေါ်ဆန်းစပါးမျိုး"များသည် ၎င်းတို့၏ ထူးခြားသော အရည်အသွေးကြောင့် ကျော်ကြားလှသော်လည်း လက်ရှိတွင် စပါးပြီးစပါး စိုက်ပျိုးမှုကြောင့် မြေဆီလွှာများ ပျက်စီးလာခြင်းနှင့်အတူ ပေါ်ဆန်းအရည်အသွေး ကျဆင်းလာခြင်း စသည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရပါသည်။**

**ရောဝတီသား**

ယင်းကို ဖြေရှင်းရန်နှင့် လူသားတို့၏ ကျန်းမာရေးအတွက် ဘေးကင်းလုံခြုံသော အစားအစာများ ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်အကြီးအကဲ၏ ၂၀၂၁ ခုနှစ် လမ်းညွှန်မှုဖြင့် **"ဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်း"** သုတေသနကို စတင်အကောင်အထည်ဖော်ခဲ့ကြပါသည်။

ထိုသုတေသနကို အောက်ပါရည်ရွယ်ချက်ကြီး (၃)ရပ်ဖြင့် စနစ်တကျဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်-

(က) **မြေဆီလွှာပြန်လည်ရှင်သန်ရေး။** တောင်သူများအား သဘာဝမြေဩဇာကို စနစ်တကျ တွင်ကျယ်စွာ အသုံးပြုတတ်စေရန်နှင့် ပျက်စီးနေသော မြေဆီလွှာကို ပြန်လည်ပြုပြင်ရန်။

( ခ ) **တောင်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး။** ဒေသနှင့် သင့်တော်သော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးစေခြင်းဖြင့် အထွက်နှုန်းတိုးတက်စေရန်။

( ဂ ) **ဓာတုကင်းလွတ် ဈေးကွက်ဖော်ဆောင်ရေး။** သဘာဝမြေဩဇာနှင့် ဇီဝနည်းလမ်းများဖြင့် စိုက်ပျိုးထားသော ဘေးကင်းဆန်များအတွက် ခိုင်မာသော ဈေးကွက်တစ်ခု ရရှိလာစေရန်။

သုတေသနကို ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာရှိ တောင်သူဦးကြည်ခိုင်စိုး၏ လယ်မြေတွင် ၂၀၂၁ ခုနှစ်မှ စတင်ကာ ၂၀၂၅ ခုနှစ်အထိ တောင်သူအခြေပြု သုတေသနပုံစံဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။ သုတေသနပြုလုပ်ရန် "မြောင်းမြပေါ်ဆန်းရင်၊ ဖျာပုံပေါ်ဆန်းရင်၊ ရွှေဝါရင်၊ ဖျာပုံပေါ်ဆန်းကြီး၊ ရောဝတီပေါ်ဆန်းကြီးနှင့် ရွှေဘိုပေါ်ဆန်းရင်" စသည့် ပေါ်ဆန်းမျိုး (၆)မျိုးကို ရွေးချယ်အသုံးပြုခဲ့ကြပါသည်။

မြေဆီလွှာဖွံ့ဖြိုးရေးနှင့် အရည်အသွေးကောင်းမွန်စေရန် အောက်ပါဆန်းသစ်သော နည်းလမ်းများကို အသုံးပြုခဲ့ကြပါသည်-

(က) **သစ်စိမ်းမြေဩဇာနှင့် မြေဆွေးစနစ်။** မိုးစပါး ရိတ်သိမ်းချိန်တွင် စပါးရိုးပြတ်များကို အမြင့် တစ်ပေခွဲခန့်ချန်၍ ရိတ်သိမ်းစေပြီး ထယ်မှောက်ခြင်း၊ နွားချေးမြေဆွေး တင်း ၅၀ ကြဲပက်ခြင်းနှင့် သကြီးန်လက်ဆေးမိုးတွင် "ပိုက်ဆံလျှော်" ကြဲပက်၍ ပန်းပွင့်ချိန်၌ တလိမ့်ခုတ် ထယ်မှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

( ခ ) **သဘာဝမြေဩဇာ ဖော်မြူလာ။** ဟူးမစ်အခြေခံ သဘာဝမြေဩဇာ (Humic Acid 70%, Fulvic Acid 5%) တို့ ပါဝင်သော ဖော်မြူလာအသစ်ကို ပင်ပွားထွက်ချိန်နှင့် မှို့ကပ်ချိန်တို့တွင် စနစ်တကျထည့်သွင်းအသုံးပြုခဲ့ပါသည်။

( ဂ ) **ဇီဝနည်းလမ်းဖြင့် ပိုးမွှားကာကွယ်ရေး။** နံ့စုပ်ဂျပိုးအတွက် ဇီဝပိုးသတ်ဆေးကို လည်းကောင်း၊ စပါးကုပ်ကျိုးရောဂါအတွက် ထရိုင်ကိုဒါးမားမှိုထုပ်ကို တစ်ဧကလျှင် (၅) ထုပ်နှုန်းဖြင့် (၅) ကြိမ် ဖျန်းပေးခြင်းဖြင့် ဓာတုကင်းလွတ်စေရန် ဆောင်ရွက်ခဲ့ပါသည်။

နှစ်အလိုက် စမ်းသပ်စိုက်ပျိုးမှုရလဒ်များအရ ရောဝတီပေါ်ဆန်းကြီးအား ဓာတုကင်းလွတ်နည်းပညာ အသုံးပြုစိုက်ပျိုးရန် ရွေးချယ်ခဲ့ပြီး တောင်သူများ စုပေါင်း၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဧက ၂၅၀ အထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြပါသည်။ ပျမ်းမျှအထွက်နှုန်းမှာ ၉၅ တင်း ဖြစ်ပါသည်။

ဓာတ်ခွဲစမ်းသပ်မှုများအရ သဘာဝမြေဩဇာဖြင့် စိုက်ပျိုးသော ဤပေါ်ဆန်းဆန်သည် ပိုမိုစူးရှသော မွှေးရနံ့ရှိခြင်း၊ စားသုံးမှုတွင် နူးညံ့ပျော့ပျောင်းပြီး ကျိုချက်ဒဏ်ပိုမိုခံနိုင်၍ စေးကပ်မှုရှိခြင်း စသည့် အရည်အသွေးကောင်းများ ရရှိလာသည်ကို တွေ့ရပါသည်။ ထို့ပြင် စိုက်ပျိုးပြီးနောက် မြေဆီလွှာအတွင်းရှိ အပင်မှ စုပ်ယူနိုင်သော ပိုတက်စီယမ် (K)၊ ဖော့စဖရပ်(P)နှင့် သစ်ဆွေးဓာတ်များ သိသာစွာ တိုးတက်လာသည်ကိုလည်း တွေ့ရှိရပါသည်။



တောင်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်။




ဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်းသည် MSME ပြပွဲများတွင် လူကြိုက်များလာခဲ့ပြီး နိုင်ငံတော်၏ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဧက ၂၅၀ အထိ တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ပါသည်။ ထူးခြားသော အောင်မြင်မှုအဖြစ် ၂၀၂၅ ခုနှစ် မတ်လ ၆ ရက်နေ့တွင် ကျင်းပခဲ့သော ပေါ်ဆန်း ၄၁ မျိုး ပြိုင်ပွဲတွင် ဤဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်းသည် "ပထမဆု"ကို ဆွတ်ခူးရရှိခဲ့ပါသည်။ ဆန်၏ ရုပ်သွင်ပြင်၊ ချက်ပြုတ်မှု၊ စားသုံးမှုအရည်အသွေးနှင့် တောင်သူ၏ စိုက်ပျိုးပြုစုမှုစနစ်များအပေါ် မူတည်၍ အကဲဖြတ် ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။

**ဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်း** စိုက်ပျိုးထုတ်လုပ်မှုသည် စားသုံးသူများအတွက် ဘေးကင်းစိတ်ချရသည့် အရည်အသွေးမြင့်ဆန်ကို ရရှိစေရုံသာမက စိုက်ပျိုးမြေဆီလွှာပျက်စီးမှုကိုလည်း ထိရောက်စွာ ကာကွယ်ပေးနိုင်ကြောင်း တွေ့ရှိရပါသည်။ ဓာတုကင်းလွတ် စိုက်ပျိုးခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိစေပါသည်-

- **ကျန်းမာရေးနှင့် အာဟာရ။** ဓာတုပစ္စည်းများ ကင်းစင်သဖြင့် ဘေးထွက်ဆိုးကျိုးမရှိဘဲ သဘာဝအာဟာရဓာတ်များကို အပြည့်အဝ ထိန်းသိမ်းပေးနိုင်ခြင်း။
- **မြေဆီလွှာ ဖွံ့ဖြိုးမှု။** ဟူးမစ် (Humic) သဘာဝမြေဩဇာကို အသုံးပြုထားသဖြင့် မြေဆီလွှာကျန်းမာရေးကို ပြန်လည်ကောင်းမွန်စေပြီး ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ခြင်း။
- **ကုန်ကျစရိတ် သက်သာခြင်း။** ပုံမှန်စိုက်ပျိုးနည်းထက် တစ်ဧကေ စိုက်ပျိုးစရိတ် သက်သာခြင်း။
- **စီးပွားရေး တွက်ခြေကိုက်ခြင်း။** အထွက်နှုန်းထိခိုက်မှုမရှိသည့်အပြင် အရည်အသွေးကောင်းမွန်သဖြင့် တောင်သူများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝကို ပိုမိုဖွံ့ဖြိုးတိုးတက်စေခြင်း။

သဘာဝမြေဩဇာ အခြေခံစိုက်ပျိုးရေးစနစ်သည် မြေဆီလွှာကို ရှင်သန်စေပြီး စားသုံးသူ၏ ကျန်းမာရေးကို များစွာအထောက်အကူပြုပါသည်။ ထို့ကြောင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် အကောင်းဆုံးလမ်းစဉ်ဖြစ်သည့် ဤစိုက်ပျိုးနည်းစနစ်ကို တောင်သူလယ်သမားများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုဆောင်ရွက်နိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**ပုံမှန်ပေါ်ဆန်းဆန်နှင့် ဓာတုကင်းလွတ်ရေကြည်ပေါ်ဆန်းဆန်တို့၏ ကွာခြားချက်များ**

| အချက်အလက် | ပုံမှန်ပေါ်ဆန်းဆန် (ဓာတုအသုံးပြု) | ဓာတုကင်းလွတ်ရေကြည်ပေါ်ဆန်းဆန် |
|---|---|---|
| စိုက်ပျိုးပုံ | ဓာတုပိုးသတ်ဆေး၊ ဓာတုဓာတ်မြေဩဇာများ အသုံးပြု | သဘာဝဓာတ်မြေဩဇာ၊ ဇီဝပိုးသတ်ဆေး၊ ဇီဝမှိုသတ်ဆေးများ အသုံးပြု |
| ထုတ်လုပ်မှု | အထွက်နှုန်းမြင့် | အထွက်နှုန်းမထိခိုက် |
| ကျန်းမာရေး အကျိုး | ဓာတုအကြွင်းအကျန် ကျန်နိုင်ခြေရှိ | ဓာတုမပါဝင်သောကြောင့် ကျန်းမာရေးအတွက် ပိုကောင်း |
| အာဟာရတန်ဖိုး | ပုံမှန်အဆင့် | သဘာဝအာဟာရ ပိုမိုထိန်းသိမ်းနိုင် |
| ပတ်ဝန်းကျင် အကျိုး သက်ရောက်မှု | မြေဆီလွှာ၊ ရေထု ပျက်စီးနိုင် | ဂေဟစနစ်ကို မထိခိုက်နိုင်၊ ဟူမစ် သဘာဝမြေဩဇာ အသုံးပြုထား၍ မြေဆီလွှာ ကျန်းမာရေး ပိုကောင်း |
| အကျိုးကျေးဇူး | အလွယ်တကူ ဝယ်ယူနိုင်၊ လူအများသုံးနိုင်၊ ကျန်းမာရေး အန္တရာယ်ဖြစ်နိုင် | အလွယ်တကူဝယ်ယူနိုင်၊ ကျန်းမာရေးကောင်းမွန်၊ ရေရှည်အတွက် အကျိုးရှိ |

**"ဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်မှုသည် စားသုံးသူများအတွက် ဘေးကင်းစိတ်ချရသည့် အရည်အသွေးမြင့်ဆန်ကို ရရှိစေရုံသာမက စိုက်ပျိုးမြေဆီလွှာပျက်စီးမှုကိုလည်း ထိရောက်စွာ ကာကွယ်ပေးနိုင်ကြောင်း တွေ့ရှိရ"**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဟုမ္မလင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မုံရွာ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့ ဟုမ္မလင်းရပ်ကွက်ရှိ တောင်သူ ဒေါ်နော်ဆဲလား စိုက်ပျိုးထားသည့် အောင်နိုင်တိုးစပါးမျိုး တစ်ကေအတွင်း ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောနှောသုံးစွဲခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်(ယာပုံ)၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟုမ္မလင်းမြို့နယ် 

ခေါင်ခမ်းကျေးရွာ တောင်သူဒေါ်ရီရီသိန်း စိုက်ပျိုးထားသည့် "အာသန်"မျိုး လက်ဖက်စိုက်ခင်း ရှစ်ကေ၌ လက်ဖက်ခူးစွတ်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများထံ မြက်ရိတ်စက်များ ပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဟုမ္မလင်းမြို့နယ် နောင်မခံကျေးရွာရှိ ဒေသခံတောင်သူများ စားရေရိက္ခာဖူလုံစေရေးအတွက် လယ်ယာမြေ ဧက ၃၀၀ အား စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည့် အလျားပေ ၄၅၀၊ အမြင့် ၁၀ ပေ၊ ရေထိပ်ပြင် အကျယ် ၁၂ ပေ မြေသားကန်ပေါင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာရှိ စိုက်ပျိုးရေးကုန်ထုတ်လမ်း အရှည် တစ်မိုင်၊ နှစ်ဖာလုံကျောက်ရောမြေသားလမ်း ခင်းကျင်းပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် တရုတ်ရိုးရာ မင်္ဂလာမြင်းနှစ် နှစ်သစ်ကူးပွဲတော် တက်ရောက်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၇**

၂၀၂၆ ခုနှစ် တရုတ်ရိုးရာ မင်္ဂလာမြင်းနှစ် နှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက် ယူနန်ဘုံကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ တက်ရောက်ကြသည်။

ဦးစွာ ယူနန်ဘုံကျောင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှိုက်လှဲစွာကြိုဆိုကြပြီး တရုတ်ရိုးရာပန်းစည်းနှင့် အနီရောင်လည်စည်းပဝါများကိုလက်ဆောင်ပေးအပ်ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဘာသာရေးအသင်းအဖွဲ့များမှ ခေါင်းဆောင်များက တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးကြသည်။




ထို့နောက် နှစ်သစ်ကူးပွဲတော် အခမ်းအနားကို နိုင်ငံတော်သီချင်းသီဆိုကာ နိုင်ငံတော်အလံကို အလေးပြု၍ ဖွင့်လှစ်ကြသည်။ ယင်းနောက် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)မှ သိက္ခာတော်ရ ဆရာတော်က ဆုတောင်းဆက်ကပ်ပေးပြီး ယူနန်ဘုံကျောင်းဥက္ကဋ္ဌက တရုတ်ရိုးရာမင်္ဂလာမြင်းနှစ် နှစ်သစ်ကူးပွဲတော် အခါသမယ၌ တက်ရောက်ချီးမြှင့်ပေးကြသော ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က တရုတ်ရိုးရာမြင်းနှစ်ဖြစ်သည့်အတွက် မြင်းနှစ်၏ အဓိပ္ပာယ်နှင့်အညီ လုပ်ငန်းဆောင်တာများကို အရှိန်အဟုန်၊ စွမ်းအားအပြည့် ဆောင်ရွက်နိုင်ခြင်း၊ စိန်ခေါ်မှုများကို ဉာဏ်ပညာ၊ ကျွမ်းကျင်မှုနှင့် အောင်မြင်စွာ ကျော်ဖြတ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများရရှိပိုင်ဆိုင်ခြင်းစသည့်အဓိပ္ပာယ်များရှိသကဲ့သို့ ကချင်ပြည်နယ်အပါအဝင် မြန်မာနှင့် တရုတ်နိုင်ငံတို့၏ ပြည်သူလူထုအကျိုးစီးပွားအတွက် ယခုထက် ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ဘုံကျောင်းဥက္ကဋ္ဌတို့က နှစ်သစ်ကူးအထိမ်းအမှတ် ပန်းခြင်းလက်ဆောင်ကို အပြန်အလှန်ပေးအပ်ကြပြီး နှစ်သစ်ကူး၏ အဓိပ္ပာယ်နှင့် လက်ဆောင်အဖြစ်ပေးအပ်ထားသည့် လည်စည်းပဝါနီ၏ အဓိပ္ပာယ်များကို ရှင်းလင်းပြောကြားခြင်း၊ သံပြိုင်တေးသီချင်း သီဆိုခြင်းနှင့် တရုတ်ရိုးရာတေးသီချင်း အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းတို့ကို ကြည့်ရှုအားပေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များအတွက် ငွေကျပ်သိန်း ၄၀ ထောက်ပံ့ပေးအပ်၍ နှစ်သစ်ကူးအထိမ်းအမှတ် နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ် ဆောင်ရွက်ရန်၊
(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ဓမ္မယုတ္တိကနိကာယ(မဟာရင်ဂိုဏ်း) နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်နှင့် မဟာရင်ဂိုဏ်းလုံးဆိုင်ရာ (၁၂၇)ကြိမ်မြောက် ဓမ္မဝိနယ စာပြန်ပွဲတော်ကြီး အခမ်းအနားတက်ရောက်

**မော်လမြိုင် ဖေဖော်ဝါရီ ၁၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်ရိုက်တော်ကနာကျေးရွာ ပဗ္ဗတမင်္ဂလာရုံကျောင်း၌ ဆင်ယင်ကျင်းပသည့် ဓမ္မယုတ္တိကနိကာယ (မဟာရင်ဂိုဏ်း) နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်နှင့် မဟာရင်ဂိုဏ်းလုံးဆိုင်ရာ (၁၂၇)ကြိမ်မြောက် ဓမ္မဝိနယစာပြန်ပွဲတော်ကြီးကို ယနေ့နံနက်ပိုင်းက ချောင်းဆုံမြို့နယ် ကွမ်ရိုက်တော်ကနာကျေးရွာ ပဗ္ဗတမင်္ဂလာရုံကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် ဆရာတော်အရှင်သူမြတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**ငါးပါးသီလခံယူ**

ထို့နောက် ဒုတိယပိုင်းအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ၊ ဒရယ်ရွာ မင်္ဂလသုခဆရာတော်ထံမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**လှူဖွယ်ပစ္စည်းများဆက်ကပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား နဝကမ္မအလှူတော်ငွေနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး သံဃာတော် အရှင်သူမြတ်များထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

**ရေစက်သွန်းချ အမျှပေးဝေ**

ဆက်လက်၍ မော်လမြိုင်မြို့နယ် ကတိုးကျေးရွာ မဟာရင်ကျောင်းဆရာတော်ထံမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့က လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရား နာယူကြည်ညိုပြီး ရေစက်သွန်းချ အမျှ ပေးဝေကြကြောင်း သိရသည်။



**စည်သူ(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်း အရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ငလျင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများ ဖြစ်ပွားလေ့ရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိက ပြတ်ရွေ့ကြော ၄ ခုအနက် စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက် ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်အထိ ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ ရုတ်တရက် ဖြစ်ပွားတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများပြားစေသော ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများ ရုတ်တရက် ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားများ ပြင်းပြင်းထန်ထန် တုန်ခါနေခြင်းကြောင့် ဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငလျင်စတင်ဖြစ်ပေါ်သည့် ဗဟိုချက်၏ အတိမ်/အနက်၊ မြို့ပြနှင့် ကျေးလက်၊ လူဦးရေ အစိပ်အကျဲတို့အပေါ် မူတည်၍ ပျက်စီးဆုံးရှုံးမှုလည်း မတူညီနိုင်ပါ။ များသောအားဖြင့် ငလျင်လှုပ်ခြင်းကြောင့် လူ့အသက်သေဆုံးမှု မဖြစ်စေသော်လည်း အဆောက်အအုံများ ပြိုကျမှုနှင့် ခိုင်မာစွာ တွယ်ဆက်ထားခြင်းမရှိသည့် ပစ္စည်းများ ပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ၅ ဦး နှင့် ဒဏ်ရာရရှိသူ ၅၁၀၄ ဦး ရှိခဲ့ပါသည်။

၃။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အသိပညာပေးခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက် အောက်ပါ ကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

(ခ) ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

(ဂ) ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ တွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။

(ဃ) မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊ အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

(င) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

(ခ) (၅)စက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာများတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။

(ဂ) လယ်ကွင်း၊ ကွင်းပြင် (သို့) ဘေးကင်းရာ (မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

(စ) ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၇။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို ရှောင်ရှားရန် လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

(ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်း မပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များ ပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

(ဂ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

(င) အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

(စ) နောက်ဆက်တွဲဘေးအန္တရာယ် (မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း) များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

(ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

(ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့် အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့ မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ဝ၆၇-၃၄၀၄၆၆၆ နှင့် ဝ၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဘုတ်ပြင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဘုတ်ပြင်း ဖေဖော်ဝါရီ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဘုတ်ပြင်းလေဆိပ်အဆောက်အအုံ အသစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကမာချောင်းကျေးရွာအုပ်စု အေးချမ်းမြိုင်(၂)ကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည့် သဘာဝစိမ့်စမ်းရေသွယ်တန်း၍ မြို့ရေပေးဝေရေးလုပ်ငန်းများဖြစ်သည့် ရေသန့်စင်စနစ်အတွင်း ပိုက်လိုင်းသွယ်တန်းခြင်း၊ ရေကြည်စုကန်၊ သဲစုကန်၊ ရေစစ်ကန်၊ ရေစုကန်၊ ရေသန့်စင်စက်ရုံအဆောက်အအုံနှင့် ရေပေးဝေရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်အရည်အသွေးစံနှုန်းနှင့်အညီ အချိန်မီပြီးစီးရေး မှာကြားသည်။

ထို့နောက် ရွှေဘုံသာရပ်ကွက်၌ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် Lot-7 ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဘုတ်ပြင်းမြို့နယ် ကရိုင်တိုင်ကျေးရွာရှိ သီရိမင်္ဂလာတပ်ဦးကျောင်းနှင့် ဘုတ်ပြင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ ဓမ္မဝိဇယပရိယတ္တိစာသင်တိုက်တို့ရှိ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ သွားရောက်ဆက်ကပ်လှူဒါန်းပြီး အောင်မင်္ဂလာရပ်ကွက် ခရိုင်တရားရုံးမြေနေရာ ဧက ၂ ဒသမ ၆၀ မြေဖို့ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

( ၁ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
( ၂ ) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမွေးခြင်း မပြုရန်၊
( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
( ၅ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
( ၈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
( ၉ ) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေအရ စုပေါင်းပိုင်သူ၊ အပျောက်စနစ်ဖြင့် လွှဲပြောင်းဝယ်ယူနေထိုင်သူ၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေအရ အိမ်ငှား၊ ကျူးကျော်သူ၊ အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်သူတို့ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ

ဦးကျော်ကျော်(တရားရေး)

**"သီးခြားစည်းကမ်းချက်မရှိသောကိစ္စ၌ အိမ်ငှားတစ်ဦးသည် မိမိငှားရမ်းနေထိုင်သည့် ဥပစာကို အခြားသူတစ်ဦးအား တစ်ဆင့်လွှဲပြောင်းငှားရမ်းသည့်အခါ အိမ်ပိုင်ရှင်၏ သဘောတူညီချက်ကိုရယူရန် မလိုအပ်ပေ။ အိမ်ငှားတစ်ဦးသည် မိမိငှားရမ်းနေထိုင်သည့် ဥပစာကို တစ်ဆင့်ပြန်လည်၍ အငှားချထားခွင့်ရှိသည်။ ထိုကဲ့သို့ တစ်ဆင့်ပြန်လည်၍အငှားချထားရာ၌ ရန်ကုန်မြို့၌ အများလက်ခံကျင့်သုံးလျက်ရှိသော အပျောက်စနစ် (နေပိုင်ခွင့်အတွက် တန်ရာတန်ကြေးပေး၍ ဥပစာကို လွှဲပြောင်းရယူသည့်စနစ်)ဖြင့် ဒေါ်ငွေသိန်းနှင့် ဒေါ်သိန်းညွန့်တို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ထိုကဲ့သို့ တစ်ဆင့်ပြန်လည်အငှားချထားရန် ဆောင်ရွက်သည့်အခါ အဆောက်အအုံပိုင်ရှင်၏ ကြိုတင်ခွင့်ပြုချက်ကို ရယူပြီးမှ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းချက် မတွေ့ရပေ။ (ဒေါ်ငွေသိန်းနှင့် ဒေါ်သိန်းညွန့် အမှု([2]))"**

စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ (The Condominium Law) ကို

(က) မြို့ပြနှင့်ပတ်ဝန်းကျင်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို အထောက်အကူပြုစေရန်၊

(ခ) အိမ်ယာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊

(ဂ) စုပေါင်းပိုင်အဆောက်အအုံ၏ အိမ်ခန်းများကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်နှင့် လွှဲပြောင်းခွင့်ရရှိစေရန်၊

(ဃ) အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက်နေ့တွင် ပြဋ္ဌာန်းထားပါသည်။ **(စုပေါင်းပိုင်အဆောက်အအုံဥပဒေ ပုဒ်မ ၃)**

စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပထမဦးစွာ တင်ပြလိုပါသည်။

**စုပေါင်းပိုင်အဆောက်အအုံ** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေတွင် စုပေါင်းပိုင်အဆောက်အအုံအဖြစ် ဆောက်လုပ်ထားသော ခြောက်ထပ်နှင့်အထက်ရှိသည့် အထပ်မြင့်အဆောက်အအုံကို ဆိုသည်။ **(စုပေါင်းပိုင် အဆောက်အအုံဥပဒေ ပုဒ်မ ၂(က))**

**စုပေါင်းပိုင်ပစ္စည်း** ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံနှင့် ဆက်စပ်လျက်ရှိသော အောက်ပါပစ္စည်းများပါဝင်သည်-

(၁) ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေ၊

(၂) ယင်းစုပေါင်းပိုင်မြေတွင် ဆောက်လုပ်ထားသော တစ်ဦးချင်းပိုင် အိမ်ခန်းများမှအပ စုပေါင်းပိုင်သူအားလုံးနှင့် အကျိုးသက်ဆိုင်သည့် စုပေါင်းပိုင်အဆောက်အအုံ၏ အစိတ်အပိုင်းများ၊ တပ်ဆင်ထားသော ပစ္စည်းကိရိယာများ၊

(၃) စုပေါင်းပိုင်သူများ၏အကျိုးအတွက် အသုံးပြုရန် ဆောက်လုပ်ထားသော သို့မဟုတ် စီမံထားရှိသော အဆောက်အအုံများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများနှင့် ပစ္စည်းများ၊ ဝင်းခြံ၊ ဥယျာဉ်နှင့် သစ်ပင်ပန်းမန်များ၊ ရေပေးရေး၊ အညစ်အကြေးစွန့်ပစ်ရေးနှင့် သန့်ရှင်းရေးဆိုင်ရာပစ္စည်းများ၊ စွမ်းအင်ဖြန့်ဖြူးရေးဆိုင်ရာပစ္စည်းများ၊ လမ်းတံတားနှင့် ရေမြောင်းများ၊ ဆက်သွယ်ရေးပစ္စည်းများ။ **(စုပေါင်းပိုင်အဆောက်အအုံဥပဒေပုဒ်မ ၂(ခ))**

**စုပေါင်းပိုင်မြေ** ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံနှင့် စုပေါင်းပိုင်ပစ္စည်းတည်ရှိသော စုပေါင်းပိုင်သူအားလုံးက တည်ဆဲဥပဒေနှင့်အညီ အကျိုးသက်ဆိုင်သည့် မြေနှင့်မြေကွက်လပ်တို့ကို ဆိုသည်။ **(စုပေါင်းပိုင်အဆောက်အအုံဥပဒေပုဒ်မ ၂(ဂ))**

**အိမ်ခန်း** ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံတွင် နေထိုင်ရန် သို့မဟုတ် အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခြားနည်းသုံးစွဲရန် တစ်ဦးချင်းပိုင်အဖြစ် သီးခြားကာရံ၍ ဆောက်လုပ်ထားသော အိမ်ခန်းကို ဆိုသည်။ **(စုပေါင်းပိုင်အဆောက်အအုံဥပဒေပုဒ်မ ၂(ဇ))**

ဆက်လက်၍ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေပါ စုပေါင်းပိုင်သူ၏ အခွင့်အရေးနှင့် တာဝန်များကို တင်ပြလိုပါသည်။

**မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ စုပေါင်းပိုင်မြေနှင့်စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို မှတ်ပုံတင်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ခန့်အပ်ထားသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ မှတ်ပုံတင်အရာရှိကို ဆိုသည်။ **(စုပေါင်းပိုင်အဆောက်အအုံဥပဒေပုဒ်မ ၂(တ))**

**စုပေါင်းပိုင်သူ၏ အခွင့်အရေးများ**ကို ယင်းဥပဒေပုဒ်မ ၂၆ တွင် ပြဋ္ဌာန်းထားရာ-

(က) ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခွင့်ရှိသည်။
အိမ်ခန်းပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းလက်ခံရရှိသူအမည်သို့ ပြောင်းလဲခွင့်ရှိသည်။

(ခ) ဤဥပဒေနှင့်အညီ အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်ပြီးသည့်အခါ အိမ်ခန်းကို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည်။

(ဂ) အိမ်ခန်းကို နိုင်ငံသားအားတည်ဆဲဥပဒေနှင့်အညီ ရောင်းချခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်၊ စွန့်လွှတ်ခွင့်၊ ငှားရမ်းခွင့်၊ ပေါင်နှံခွင့်၊ အမွေဆက်ခံခွင့်နှင့် ခွင့်ပြုချက်ဖြင့် ထားပိုင်ခွင့်များ ရှိသည်။

(ဃ) (၁) အိမ်ခန်းကို နိုင်ငံခြားသားအား တည်ဆဲဥပဒေနှင့်အညီ ငှားရမ်းခွင့်၊ ပေါင်နှံခွင့်၊ ခွင့်ပြုချက်ဖြင့် ထားပိုင်ခွင့်များရှိသည်။

(၂) စုပေါင်းပိုင်အဆောက်အအုံ၏ ၄၀ ရာခိုင်နှုန်းထက် မပိုသော အိမ်ခန်းများကို နိုင်ငံခြားသားများအား ဤဥပဒေနှင့်အညီ ရောင်းချနိုင်ခွင့်ရှိသည်။

(င) အိမ်ခန်းကို ဘဏ်တွင် ပေါင်နှံခွင့်ရှိသည်။

(စ) အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ရယူ၍ မိမိပိုင်အိမ်ခန်း၏ အတွင်းပိုင်းကို စုပေါင်းပိုင်အဆောက်အအုံ၏ မူလပုံစံနှင့် ခိုင်ခံ့မှုကို မထိခိုက်စေဘဲ မိမိ၏စရိတ်ဖြင့် ပြုပြင်မွမ်းမံခွင့်နှင့် အသေးစားပြင်ဆင်ခွင့်များရှိသည်။

(ဆ) အသင်း၏ရန်ပုံငွေကို စုပေါင်းပိုင်သူအားလုံးနှင့်အတူ သက်ဆိုင်ခွင့်ရှိသည်။

(ဇ) စုပေါင်းပိုင်မြေကို အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် သာရေးနာရေးကိစ္စအတွက် ယာယီအသုံးပြုခွင့်ရှိသည်။

(ဈ) အသင်း၏နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် အသင်းသားစုံညီအထူးအစည်းအဝေးများသို့ တက်ရောက်ခွင့်၊ အကြံပေးခွင့်၊ အဆုံးအဖြတ်တစ်ခုခုအတွက် မဲပေးခွင့်၊ အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ပိုင်ခွင့်ရှိခြင်းတို့ဖြစ်သည်။

စုပေါင်းပိုင်သူ၏ **တာဝန်များ**ကို ယင်းဥပဒေပုဒ်မ ၂၇ တွင် ပြဋ္ဌာန်းထားရာ-

(က) စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မိမိ၏ မူလအချိုးသင့်ပိုင်ဆိုင်မှုအစုတန်ဖိုးအလိုက် အချိုးကျသတ်မှတ်ထားသော ရန်ပုံငွေကို ထည့်ဝင်ရမည်။ မိမိပိုင်ဆိုင်သည့်အိမ်ခန်းကို အငှားချထားခြင်းဖြစ်လျှင် အငှားချထားခြင်းခံရသူနှင့် သီးခြားသဘောတူညီချက်မရှိပါက မိမိကသာလျှင် ရန်ပုံငွေကို ထည့်ဝင်ရမည်။

(ခ) စုပေါင်းပိုင်အဆောက်အအုံနှင့် စုပေါင်းပိုင်ပစ္စည်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံသန့်ရှင်းရေးနှင့် လုံခြုံရေးစနစ်ကောင်းမွန်စေရေးအတွက်လည်းကောင်း စုပေါင်းပိုင်သူအားလုံးနှင့်အတူ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။

(ဂ) မိမိပိုင်အိမ်ခန်းကို ငှားရမ်းခြင်း၊ ပေါင်နှံခြင်းနှင့် တစ်ဦးဦးအား ခွင့်ပြုချက်ဖြင့် ထားခြင်းပြုပါက အမှုဆောင်အဖွဲ့သို့ အသိပေးရမည်။

(ဃ) အိမ်ခန်းကို ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်းမပြုမီ သတ်မှတ်ချက်များနှင့်အညီ အမှုဆောင်အဖွဲ့သို့ ကြိုတင်အသိပေးရမည်။

(င) မိမိကြောင့်ဖြစ်စေ၊ အငှားချထားခြင်းခံရသူကြောင့် ဖြစ်စေ၊ အိမ်ခန်းကိုအပေါင်ခံ၍ လက်ရောက်ရယူထားသူကြောင့် ဖြစ်စေ၊ မိမိ၏ခွင့်ပြုချက်ဖြင့် နေထိုင်ကြသူကြောင့်ဖြစ်စေ စုပေါင်းပိုင်အဆောက်အအုံ သို့မဟုတ် စုပေါင်းပိုင်ပစ္စည်း ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်ပေါ်ပါက ထိုသူများနှင့် သီးခြားသဘောတူညီချက်မရှိလျှင် မိမိ၌သာ တာဝန်ရှိသည်။

(စ) မိမိ၏အိမ်ခန်းအတွင်းပိုင်းကို အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့်ပြုပြင်မွမ်းမံခြင်း၊ အသေးစားပြင်ဆင်ခြင်းပြုရာတွင် အဆောက်အအုံ၏ မူလပုံစံနှင့်ခိုင်ခံ့မှုကို မထိခိုက်စေရ။

(ဆ) အမှုဆောင်အဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် အိမ်ခန်းကို အခြားနည်းသုံးစွဲခြင်းပြုနိုင်ခြင်းတို့ဖြစ်သည်။

**အပျောက်စနစ်ဖြင့် လွှဲပြောင်းခြင်း**

စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ယှဉ်တွဲလေ့လာရန် အပျောက်စနစ်ဖြင့် ပိုင်ဆိုင်မှုဥပဒေသဘောတရားများကို သက်ဆိုင်ရာနည်းဥပဒေများ၊ စီရင်ထုံးများပါ ဆုံးဖြတ်ချက်များနှင့်အတူ တင်ပြလိုပါသည်။

ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၈ နှင့် ၁၀၊ ပစ္စည်းလွှဲပြောင်းရာ၌ တစ်ဆင့်လွှဲပြောင်းခြင်း၊ စီမံခန့်ခွဲခြင်းမပြုရဟု တားမြစ်သည့် စည်းကမ်းချက် သို့မဟုတ် ကန့်သတ်ချက်မပြုနိုင်ခြင်း၊ ထိုသို့တားမြစ်သည့် စည်းကမ်းချက် သို့မဟုတ် ကန့်သတ်ချက်ပါရှိပါက ယင်းစည်းကမ်းချက် သို့မဟုတ် ကန့်သတ်ချက်မှာ ပျက်ပြယ်သော်လည်း လွှဲပြောင်းမှုမှာ ပျက်ပြယ်မှုမရှိခြင်း၊ အပျောက်စနစ်ဖြင့် ရောင်းချခြင်း၏အဓိပ္ပာယ်မှာ ပစ္စည်းတစ်ရပ်ကို လွှဲပြောင်းသည့်အခါ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၈ အရ ပစ္စည်း၏ အကျိုးစီးပွားနှင့် ဥပဒေအရ ဒွန်တွဲဆက်စပ်နေသည့် အရာအားလုံးသည် လွှဲပြောင်းခံယူသူထံသို့ ရောက်ရှိသည်။ ဥပဒေအရ ဒွန်တွဲဆက်စပ်နေသည့်အရာတွင် ထိုပစ္စည်းအား လွှဲပြောင်းခံယူသူက မိမိသဘောအတိုင်း ပြန်လည်လွှဲပြောင်းခြင်း၊ စီမံခန့်ခွဲခြင်းပြုပိုင်ခွင့် ပါဝင်နေသဖြင့် ပစ္စည်းကိုလွှဲပြောင်းရာ၌ တစ်ဆင့်လွှဲပြောင်း၊ စီမံခန့်ခွဲခြင်း မပြုရဟု လုံးဝတားမြစ်သည့် စည်းကမ်းချက် သို့မဟုတ် ကန့်သတ်ချက် သတ်မှတ်ထားခြင်းမပြုနိုင်ပေ။ သတ်မှတ်ထားပါက ထိုသတ်မှတ်ချက်သည် တရားမဝင်ဘဲ ပျက်ပြယ်သည်။ ပစ္စည်းကို အလွယ်တကူဖြင့် လွှဲပြောင်းရာ၌ အဟန့်အတားဖြစ်စေမည့် စည်းကမ်းချက်သည် ပျက်ပြယ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ပစ္စည်းကိုရောင်းခြင်း၊ ဝယ်ခြင်း၊ ပေါင်နှံခြင်း၊

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

စီမံခန့်ခွဲခြင်းပြုလုပ်ကြသည့် ပြည်သူတို့၏အကျိုးကာကွယ်ရန်ဖြစ်ပေသည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀ အရ ပစ္စည်းကို စီမံခန့်ခွဲခြင်းမပြုရန် လုံးဝတားမြစ်သည့် စည်းကမ်းချက်သည် တရားမဝင်သော်လည်း ထိုစည်းကမ်းချက်ပါဝင်သော လွှဲပြောင်းမှုမှာ ပျက်ပြယ်ခြင်းမရှိပေ။ ဥပမာ လူတစ်ဦးက သားသမီးများ စားဝတ်နေရေးအတွက် မြေကွက်တစ်ကွက်ကို လွှဲပြောင်းပေးရာ၌ ထိုမြေကို ရောင်းချပေါင်နှံခြင်းမပြုရဆိုသော စည်းကမ်းချက်သတ်မှတ်ထားရာ ထိုစည်းကမ်းချက်သည် ဤပုဒ်မ ၁၀ အရ ပျက်ပြယ်သော်လည်း မြေကိုလွှဲပြောင်းသည့်ကိစ္စမှာမူ အတည်ဖြစ်သည်။

အပျောက်စနစ်ဖြင့် ရောင်းချခြင်းသည် လွှဲပြောင်းပိုင်ခွင့်ဖြင့် ငှားရမ်းခြင်းဖြစ်သည်။ လွှဲပြောင်းပိုင်ခွင့်ဖြင့် ငှားရမ်းခြင်းဆိုသည်မှာ ငှားရမ်းသည့်ကာလ သတ်မှတ်ချက်မရှိဘဲ အိမ်ငှားက ဥပစာ လက်ဝယ်ထားပိုင်ခွင့်ကိုဝယ်ယူ၍ အိမ်ရှင်အား ငှားရမ်းခကိုသာ ပေးသည့်ငှားရမ်းခြင်းကို ဆိုသည်။ **(ဒေါ်ခင်ဌေးသန်းနှင့် ဦးကိုဌေးပါ-၂ အမှု([1]))**

သီးခြားစည်းကမ်းချက်မရှိသောကိစ္စ၌ အိမ်ငှားတစ်ဦးသည် မိမိငှားရမ်းနေထိုင်သည့် ဥပစာကို အခြားသူတစ်ဦးအား တစ်ဆင့်လွှဲပြောင်း ငှားရမ်းသည့်အခါ အိမ်ပိုင်ရှင်၏ သဘောတူညီချက်ကို ရယူရန် မလိုအပ်ပေ။ အိမ်ငှားတစ်ဦးသည် မိမိငှားရမ်းနေထိုင်သည့် ဥပစာကို တစ်ဆင့်ပြန်လည်၍ အငှားချထားခွင့်ရှိသည်။ ထိုကဲ့သို့ တစ်ဆင့်ပြန်လည်၍အငှားချထားရာ၌ ရန်ကုန်မြို့၌ အများလက်ခံကျင့်သုံးလျက်ရှိသော အပျောက်စနစ် (နေပိုင်ခွင့်အတွက် တန်ရာတန်ကြေးပေး၍ ဥပစာကို လွှဲပြောင်းရယူသည့်စနစ်)ဖြင့် ဒေါ်ငွေသိန်းနှင့် ဒေါ်သိန်းညွန့်တို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ထိုကဲ့သို့ တစ်ဆင့်ပြန်လည်အငှားချထားရန် ဆောင်ရွက်သည့်အခါ အဆောက်အအုံပိုင်ရှင်၏ ကြိုတင်ခွင့်ပြုချက်ကို ရယူပြီးမှ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းချက် မတွေ့ရပေ။ **(ဒေါ်ငွေသိန်းနှင့် ဒေါ်သိန်းညွန့် အမှု([2]))**

အပျောက်စနစ်ဖြင့် အခန်းဝယ်ယူပိုင်ဆိုင်ခြင်း သဘောတရားကို **ဦးဌေးဝင်း ပါ-၂ နှင့် ဒေါ်အေးမြင့် ပါ-၂၊ ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၃၆ တွင်လည်းကောင်း၊ ဒေါ်တင်မော် ပါ-၂ နှင့် ဦးမြင့်သိန်း ပါ-၂၊ ၂၀၀၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၈၉** တွင်လည်းကောင်း လက်ခံဆုံးဖြတ်ထားရာ မြန်မာနိုင်ငံရှိ တရားရုံးများက အပျောက်စနစ်ဖြင့် အခန်းဝယ်ယူခြင်းကို အစဉ်တစိုက် အသိအမှတ်ပြု လိုက်နာဆုံးဖြတ်ထားကြောင်း တွေ့ရသည်။

အိမ်ရှင်၏ သဘောတူညီမှုမရှိဘဲ ကန်ထရိုက်တာထံမှ အခန်းဝယ်ယူသူသည် ဆောက်လုပ်ပြီးစီးခြင်းမရှိသေးသည့် တိုက်ခန်းကို မိမိသဘောအလျောက် သော့ခတ်ပြီးနောက် အခန်းထဲ၌ မိမိပစ္စည်းများကိုထားလျက် ကိုးလခန့်ကြာအောင် အသုံးပြုခဲ့ခြင်းသည် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၉ အရ လက်ရှိထားခြင်းဖြစ်သည်။ အခန်းဝယ်သူသည် အချင်းဖြစ်အခန်းကို တိတ်တဆိတ်သော့ခတ်သည် ဆိုစေဦးတော့ ထိုအချိန်မှစ၍ တရားဥပဒေအရ မဟုတ်ဘဲ ဖယ်ရှားခြင်းခံရချိန်ထိ ကိုးလခန့်ကြာအောင် လက်ရှိဖြစ်ခဲ့ကြောင်း ထင်ရှားသဖြင့် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၉ အရ လက်ရှိထားသည်ဟု ဆိုရပေမည်ဟု **ဒေါ်ခင်ကြည်မြင့် ပါ-၃ နှင့် ဦးစိုးလွင် အမှု([3])** တွင် လမ်းညွှန်ထုံးပြုထားသည်။

**အိမ်ငှား**

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရ အိမ်ငှားဆိုသည်မှာ ဥပစာအတွက် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူမှတစ်ဆင့်ဖြစ်စေ၊ ငှားရမ်းခပေးရမည့်သူ တစ်ဦးတစ်ယောက်ကို ဆိုလိုသည်။ ထိုစကားရပ်တွင် တရားမကျင့်ထုံး ကိုဓဥပဒေ၌ အဓိပ္ပာယ်ဖော်ပြထားသည့် တရားဝင်ကိုယ်စားလှယ်လည်းကောင်း၊ အခါအားလျော်စွာ အိမ်ငှားထံမှတစ်ဆင့် ဆိုင်ရာဆိုင်ခွင့်ရရှိသူ အသီးသီး လည်းကောင်း၊ အငှားချထားမှု သို့တည်းမဟုတ် အငှားစာချုပ်ကုန်ဆုံးပြီးနောက် မိမိအားငှားရမ်းသည့် ဥပစာကို အိမ်ရှင်၏သဘောတူညီချက်အရ ဖြစ်စေ၊ သဘောတူညီချက်အရမဟုတ်ဘဲ ဖြစ်စေ၊ လက်ရှိနေထိုင်မြဲနေထိုင်သူ အသီးသီးလည်းကောင်း ပါဝင်သည်။ **(၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂(ဆ))**

အိမ်ငှားဆိုသည့်စကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အငှားချထားမှု ကုန်ဆုံးပြီးနောက် ငှားရမ်းသည့်ဥပစာတွင် အိမ်ရှင်၏ သဘောတူညီချက်အရ လက်ရှိနေထိုင်မြဲနေထိုင်သူသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂(ဆ) တွင် အကျုံးဝင်သည့် အိမ်ငှားဖြစ်သည့်အလျောက် ယင်းပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်လျက် အိမ်ငှားအဖြစ်မှ အခွင့်အမိန့်အရ နေထိုင်သူအဖြစ်သို့ ပြောင်းလဲခံယူသည့် ပဋိညာဉ်သည် အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သည်ဖြစ်၍ အတည်မဖြစ်ချေ။ ဥပဒေအမြင်တွင် ယင်းသို့ပဋိညာဉ်ပြုလင့်ကစား အိမ်ငှားသည် အိမ်ငှားအဖြစ်ဆက်လက်တည်ရှိနေပေလိမ့်မည်ဟု **ဒေါ်မြင့်မြင့်သက် ပါ-၂ နှင့် ဒေါ်ကြည်ကြည်(ခ)ဒေါ်ကြည်ကြည်စိန် ပါ-၃ အမှု([4])** တွင် လမ်းညွှန်ထုံးပြုထားသည်။

ငှားရမ်းခြင်းတစ်ခုကို ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၁၁၁ ပါပြဋ္ဌာန်းချက်များအရသာလျှင် ရုပ်စဲနိုင်မည်။ အိမ်ငှားဖြစ်သူက မိမိသည် အိမ်ငှားမဟုတ်ကြောင်း ငြင်းဆိုရုံမျှဖြင့် အိမ်ရှင်သည် ထိုအိမ်ငှားအား ငှားရမ်းခြင်းရုပ်စဲ၍ ကျူးကျော်သူအဖြစ် သတ်မှတ်နိုင်မည်မဟုတ်ပေဟု **ဒေါ်ခင်သစ်နှင့် ရမ်းဘာလတ် ပါ-၇ ဦး အမှု([5])** တွင် လမ်းညွှန်ထုံးပြုထားသည်။

**"စည်ပင်သာယာဈေးဆိုင်ခန်းများ၏ ပိုင်ရှင်မှာ စည်ပင်သာယာအဖွဲ့ဖြစ်သည်။ သို့သော် စည်ပင်သာယာအဖွဲ့၏ တရားဝင်ချထားပေးချက်အရ ဆိုင်ခန်းရရှိသူများသည် စည်းကမ်းနှင့်အညီ အခွန်ထမ်းဆောင်၍ ဆိုင်ခန်းကို လက်ရှိထားလျက် ဈေးရောင်းချခွင့်ရရှိသည်။ ထိုသို့ချထားခြင်းခံရသော ဆိုင်ရှင်တစ်ဦး သေဆုံးပါက ထိုဆိုင်ခန်းကို ၎င်း၏ဇနီး၊ ခင်ပွန်း၊ သားသမီးများအနေဖြင့် ဆက်ခံခွင့်ရရှိသည်။ စည်းကမ်းနှင့်အညီ အခွန်ထမ်းဆောင်၍ ဆိုင်ခန်းအား လက်ရှိထားပြီး ဈေးရောင်းချခွင့်ရရှိသည်ဟု ဦးထွန်းကြည်နှင့် ဒေါ်ကြည်စိန် အမှု([11]) တွင် လမ်းညွှန်ထုံးပြုထား**

**ကျူးကျော်သူ ဦးအောင်သိန်း ပါ-၂ နှင့် ဒေါ်မမကြီး အမှု([6])** တွင် အစိုးရဂရန် ရရှိထားသူသည် ကျူးကျော်သူအား ဂရန်သက်တမ်းအတွင်းတွင် တရားစွဲဆိုရာအမှုအတောအတွင်း ဂရန်သက်တမ်းကုန်ဆုံးသွားစေကာမူ လက်ရောက်ရခွင့်ရှိသည်ဟု ပြဆိုသည်။ ယခုအမှုမှာ ဂရန်သက်တမ်းကုန်ဆုံးပြီးမှ တရားစွဲဆိုသောအမှုဖြစ်၍ ထုံးဖွဲ့သည့်အမှုနှင့် ဖြစ်ရပ်ချင်းမတူပေဟူ၍ ထုံးဖွဲ့ပြထားခြင်းကို **ဦးဝင်းမောင် ပါ-၂ နှင့် ဒေါ်ငွေခိုင်(ခ) ဒေါ်လှမေ အမှု([7])** တွင် လက်ခံဆုံးဖြတ်ထားကြောင်း တွေ့ရသည်။

**အခမဲ့ခွင့်ပြုချက်ဖြင့်နေထိုင်သူ**

အိမ်ရှင်နှင့်အိမ်ငှား နှစ်ဦးသဘောတူ ကျေကျေနပ်နပ်ဖြင့် အခမဲ့ခွင့်ပြုချက်ဖြင့်ထားသူကထား၊ နေသူကနေသည့် ကတိပဋိညာဉ်ကို ပွင့်ပွင့်လင်းလင်းပြုလုပ်ကြသည့်အချိန်မှစ၍ အိမ်ရှင်အိမ်ငှားအဖြစ်မှ ရုပ်စဲပြီး အခမဲ့ခွင့်ပြုချက်ဖြင့် နေသူအဖြစ်သို့ ပြောင်းလဲသွားသည်ဟု ယူဆနိုင်ပေသည်။ ပကတိဖြစ်ရပ်အပေါ်၌ အခြေခံသည့် ဤယူဆချက်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂(ဆ) ၏ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ရာမရောက်နိုင်ပေ။ ထို့ကြောင့် ယခုအမှုကိစ္စတွင် အိမ်ရှင်ဒေါ်မြမြသန်းနှင့် အိမ်ငှားဦးပွန်ဇကပ်တို့ နှစ်ဦးသဘောတူ အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ရန် ကတိစာချုပ်ချုပ်ဆိုသည့်အချိန်မှစ၍ ဦးပွန်ဇကပ်သည် ဒေါ်မြမြသန်း၏ အိမ်ငှားအဖြစ်မှ အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်သူအဖြစ်သို့ ပြောင်းလဲသွားပေသည်ဟု **ဒေါ်မြမြသန်း နှင့် ဦးပွန်ဇကပ် အမှု([8])** တွင် လမ်းညွှန်ထုံးပြုထားသည်။

အခွင့်အမိန့်အရ နေသူအမျိုးမျိုးရှိရာ စည်းကမ်းချက်ဖြင့် နှောင်ဖွဲ့ခြင်းမပြုဘဲ ဥပစာတွင် နေထိုင်ခွင့်ရသူကို အခွင့်အမိန့်အရနေထိုင်သူ (Bare Licensee) ဟုခေါ်သည်။ ခွင့်ပြုသူနှင့် အခွင့်အမိန့်အရနေသူတို့ သဘောတူညီကြသည့် စည်းကမ်းချက်များအရ ဥပစာတွင် နေထိုင်ခွင့်ရသူကို ပဋိညာဉ်အရ အခွင့်အမိန့်နှင့်နေထိုင်သူ (Contractual Licensee)ဟု ခေါ်သည်။

အခွင့်အမိန့်သက်သက်အရနေသူနှင့် ပဋိညာဉ်အရ အခွင့်အမိန့်နှင့်နေသူတို့၏ ခြားနားချက်မှာ အခွင့်အမိန့်သက်သက်အရ နေသူသည် ခွင့်ပြုချက်ဖြင့်နေထိုင်သည့် ဥပစာတွင် အခွင့်အရေးတစ်စုံတစ်ရာမရရှိပေ။ မေတ္တာရိထားသည့် အခွင့်အမိန့်ကို အချိန်မရွေး ရုပ်သိမ်းနိုင်သည်။ ပဋိညာဉ်အရ အခွင့်အမိန့်နှင့်နေခွင့်ကို ခွင့်ပြုသူနှင့် အခွင့်အမိန့်အရနေသူတို့ သဘောတူညီကြသည့် စည်းကမ်းချက်များနှင့်အညီသာ ရုပ်သိမ်းခွင့်ရှိသည်ဟု **ဒေါ်တီတီနှင့် ဦးကြူ အမှု([9])**တွင် လမ်းညွှန်ထုံးပြုထားသည်။

အခွင့်အမိန့်အရနေထိုင်သူသည် ခွင့်ပြုချက်အရ နေထိုင်သည့် ပစ္စည်းတွင် အကျိုးသက်ဆိုင်ခွင့်မရှိသဖြင့် ခွင့်ပြုသူက ကြည်ဖြူသရွေ့သာ ထိုပစ္စည်းအပေါ်၌ နေထိုင်ခွင့်ရှိသည်။ ခွင့်ပြုသူသည် ၎င်း၏ ခွင့်ပြုချက်ကို အချိန်မရွေး ရုပ်စဲနိုင်သည်။ ထိုသို့ ရုပ်စဲလိုက်လျှင် အခွင့်အမိန့်အရနေထိုင်သူသည် ခွင့်ပြုချက်အရ နေထိုင်သည့် ပစ္စည်းပေါ်မှ မထွက်ခွာလိုကြောင်း မခုခံနိုင်ပေဟု **ဒေါ်စောမြင့်ကြည်နှင့် ဦးစိုးမြင့် ပါ-၂ အမှု([10])** တွင် လမ်းညွှန်ထုံးပြုထားသည်။ စည်ပင်သာယာဈေးဆိုင်ခန်းများ၏ ပိုင်ရှင်မှာ စည်ပင်သာယာအဖွဲ့ဖြစ်သည်။ သို့သော် စည်ပင်သာယာအဖွဲ့၏ တရားဝင်ချထားပေးချက်အရ ဆိုင်ခန်းရရှိသူများသည် စည်းကမ်းနှင့်အညီ အခွန်ထမ်းဆောင်၍ ဆိုင်ခန်းကို လက်ရှိထားလျက် ဈေးရောင်းချခွင့်ရရှိသည်။ ထိုသို့ ချထားခြင်းခံရသော ဆိုင်ရှင်တစ်ဦးသေဆုံးပါက ထိုဆိုင်ခန်းကို ၎င်း၏ဇနီး၊ ခင်ပွန်း၊ သားသမီးများအနေဖြင့် ဆက်ခံခွင့်ရရှိသည်။ စည်းကမ်းနှင့်အညီ အခွန်ထမ်းဆောင်၍ ဆိုင်ခန်းအား လက်ရှိထားပြီး ဈေးရောင်းချခွင့်ရရှိသည်ဟု **ဦးထွန်းကြည်နှင့် ဒေါ်ကြည်စိန် အမှု([11])** တွင် လမ်းညွှန်ထုံးပြုထားသည်။

**ဒေါ်တင်မြ နှင့် ဦးမောင်စော အမှု([12])** ၌ သက်သေခံဥပဒေပုဒ်မ ၉၂ တွင် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကို ငြင်းဆိုရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန် သို့မဟုတ် နုတ်ပယ်ရန်အလို့ငှာ နှုတ်ဖြင့်ပြုလုပ်ထားသော သဘောတူညီချက် ပြောဆိုချက်နှင့်စပ်လျဉ်း၍ တင်ပြသောသက်သေခံကို လက်မခံရကြောင်း ပြဋ္ဌာန်းထားသည်။ နှုတ်သက်သေခံချက်တို့ကို လက်ခံခွင့်ပြုမည်ဆိုပါက သက်သေခံ(ခ) ပဋိညာဉ်ပါ စည်းကမ်းချက်များကို ဖြည့်စွက်ရာရောက်ပေလိမ့်မည်။ သက်သေခံဥပဒေပုဒ်မ ၉၂ က တားမြစ်ထားသည့်အပြင် သက်သေခံဥပဒေပုဒ်မ ၉၂ ၏ ခြွင်းချက်များတွင်လည်း ခွင့်ပြုထားခြင်းမရှိဟု ဆုံးဖြတ်သည်။

**ဦးမြင့်အောင်နှင့် ဒေါ်ခင်စန်းဝင်း ပါ-၁၂၊ ဒေါ်တင်ကြည် ပါ-၉ နှင့် ဒေါ်ခင်စန်းဝင်း ပါ-၄ အမှု([13])** တွင် ကြွေးမြီပေးဆပ်သူတို့က မိမိပစ္စည်းများအဖြစ် ပြုမူဆောင်ရွက်ခြင်းကို လက်ပိုက်ကြည့်နေခဲ့ပြီး ထိုသို့ ပေးဆပ်ပြီးကာမှ ပေးဆပ်သူတို့မပိုင်ဟု ပြင်ဆင်ပြောဆိုခွင့်ရှိမည်မဟုတ်ပေ။ သက်သေခံဥပဒေပုဒ်မ ၁၁၅ အရ ပိတ်ပင်သည်ဟု ဆုံးဖြတ်သည်။

အပျောက်စနစ်ဖြင့်တိုက်ခန်းများကို မြေရှင်ကသော်လည်းကောင်း၊ ကန်ထရိုက်တာကသော်လည်းကောင်း ရောင်းချပြီးနောက် ယင်းပဋိညာဉ်အရဝယ်ယူနေထိုင်သူများအပေါ် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၈ နှင့် ၁၀ တို့အရ အခွင့်အရေးရရှိလာကြောင်း သက်ဆိုင်ရာစီရင်ထုံးများနှင့်တကွ တင်ပြအပ်ပါသည်။

ပဋိညာဉ်ပြုသူတို့သည် ပဋိညာဉ်ပါတာဝန်များကို လိုက်နာရန် ပဋိညာဉ်ဥပဒေပုဒ်မ ၃၇ အရ တာဝန်ရှိကြပါသည်။ ထို့အတူ ပဋိညာဉ်ပါ စကားရပ်များကို သက်သေခံဥပဒေပုဒ်မ ၉၁၊ ၉၂ တို့အရ နှုတ်ဖြင့် ပြောင်းလဲပြောဆိုခြင်း မပြုနိုင်သကဲ့သို့ သက်သေခံဥပဒေပုဒ်မ ၁၁၅ အရလည်း ပဋိညာဉ်ပါ စကားရပ်များနှင့် စပ်လျဉ်း၍ မမှန်ကန်ပါဟု ငြင်းဆိုခွင့်ကို ပိတ်ပင်ပြီးလည်းဖြစ်သည်။

သို့ဖြစ်ရာ ပဋိညာဉ်ကို အခြေပြု၍ ရောင်းချဝယ်ယူငှားရမ်းသည့် ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်များတွင် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စီရင်ထုံးများကို အလွယ်တကူ လေ့လာလိုက်နာခြင်းဖြင့် မလိုလားအပ်သော အငြင်းပွားမှုများ မဖြစ်ပေါ်စေရန် စုစည်းတင်ပြအပ်ပါသည်။


[1]။ ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၉၀(၁၉၁)

[2]။ ၁၉၉၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၇

[3]။ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၂၁(၁၂၂)

[4]။ ၁၉၈၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၅၀

[5]။ ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၈၇

[6]။ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၆၉

[7]။ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၆၇(၁၆၈)

[8]။ ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၁၀

[9]။ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၀၁(၂၀၃)

[10]။ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၅၅(၁၅၆)

[11]။ ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၃

[12]။ ၁၉၉၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၄(၄၅)

[13]။ ၂၀၀၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၂၅(၁၂၆)

# မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တော်ရွှေကျောင်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၁၇**

နိုင်ငံတော်ဩဝါဒါစရိယ သောဋ္ဌသမရွှေကျင် သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ဖူးမြော်ကြသည်။

ဦးစွာ သီတဂူဝိပဿနာအကယ်ဒမီကျောင်းရှိ သီတဂူစန္ဒြိကန္တိကျောင်းဆောင်၌ သီတင်းသုံးတော်မူနေသည့်သီတဂူဆရာတော်ကြီးအား ဖူးမြော်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒများခံယူခဲ့ကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မဟာမုနိဘုရားကြီးသို့ရောက်ရှိပြီး မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တော် ရွှေကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှုအခြေအနေများ၊ စိန်ဖူးတော်ကြီး၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များ တင်လှူပူဇော်နိုင်ရေးနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးသည်။



ဆက်လက်၍ ငှက်မြတ်နားတော်တွင် ချိတ်ဆွဲရန် အလှူရှင်မိသားစုဖြစ်သည့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်အောင်နှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်လှလှဝေ (ဂရိတ်စိန်-စိန်ရွှေရတနာဆိုင်) မိသားစုက လှူဒါန်းသည့် မိုးကုတ်ပတ္တမြား ၁၀၉ ပွင့်၊ စိန်ဖွေးသန့် ၈၅ ပွင့်၊ ရွှေတန်ချိန် ၁၆ ဒသမ ၀၁၆ ဂရမ်အား လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဂေါပအဖွဲ့ဝင်များကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း၊ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူရှင်များက လာရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) သို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား အောင်သပြေပန်းများ၊ စားသောက်ဖွယ်ရာများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကော့မှူးမြို့နယ်၌ စားအုန်းဆီရောင်းချပေးနေမှုနှင့် နှမ်းပါးစိုက်ပျိုးထားရှိမှုအား ကွင်းဆင်းစစ်ဆေး

**ကော့မှူး ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ မြို့နယ်စားအုန်းဆီကြီးကြပ်ရေးအဖွဲ့မှ စားအုန်းဆီအရောင်းဆိုင်များက ပြည်သူများသို့ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှုရှိ /မရှိကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့လိုက်လံစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်း ဦးဆောင်၍ မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များက ကော့မှူးမြို့နယ်အတွင်းရှိ ပုပ္ပါးကျေးရွာ၊ အောက်ကျောင်းကျေးရွာ၊ ကျေးရွာများရှိ စားအုန်းဆီအရောင်းဆိုင်များကို ပြည်သူများအား စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးအတိုင်းရောင်းချရေး၊ ဈေးကစားလိုသည့်ရည်ရွယ်ချက်ဖြင့် ဈေးနှုန်းမြှင့်တင်ရောင်းချရန် စားအုန်းဆီများကို သိုလှောင်ခြင်းမပြုလုပ်ကြရန် ပြောကြားခဲ့ပြီး ကျိုက်ထော်(တောင်) ကျေးရွာအတွင်း နှမ်းပါးစိုက်ပျိုးထားမှုအခြေအနေများ၊ အောက်ကျောင်းကျေးရွာအတွင်း ဆိုလာမြစ်ရေတင်စီမံကိန်းဖြင့် နှမ်းပါးဧက ၂၀၀ စိုက်ပျိုးနိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**



# ချမ်းမြသာစည်မြို့နယ်၌ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး



**ချမ်းမြသာစည် ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တွင် မီးလောင်မီးလန့်မှုများ မဖြစ်ပွား မပေါ်ပေါက်စေရေးအတွက် ယနေ့နံနက်ပိုင်းက ကန်သာယာရပ်ကွက် အကွက်အမှတ် (ဗ-၂ နှင့်ဗ-၃ ) ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာမင်း ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ပူးပေါင်းကာ မီးအသုံးပြုမှု အခြေအနေများ စစ်ဆေးခြင်း၊ လျှပ်စစ်မီးအသုံးပြုမှုအခြေအနေများ စစ်ဆေးခြင်း၊ ရေငုတ်များ ရေရရှိရေး စစ်ဆေးပြီး မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် မီးဘေးကြိုတင် ကာကွယ်ရေးပစ္စည်းများဖြစ်သော မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိစေရေး မှာကြားပြီးမီးသတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့၌ ရှေးဦးပြုစုခြင်းသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၇**

ပြင်ဦးလွင်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ ပြင်ဦးလွင်မြို့နယ်ကြက်ခြေနီအသင်းက ကြီးမှူး၍ ရှေးဦးပြုစုခြင်းသင်တန်း ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၇ ရက်က ကျင်းပသည်။

အဆိုပါ သင်တန်းတွင် ပြင်ဦးလွင်လူမှုကူညီရေးအသင်း၊ သန္တိသုခ လူမှုကူညီရေးအသင်းအပါအဝင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကြီး/ကျေးရွာများမှ လူနာတင်ယာဉ်အသီးသီးဖြင့် လူမှုကူညီရေးများဆောင်ရွက်ပေးနေသော အသင်းအဖွဲ့များမှ အသင်းဝင်များ၊ စေတနာရှင်များ၊ ပြင်ဦးလွင်မြို့ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာဆရာမများအား ရှေးဦးသူနာပြုစုနည်းများကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်ကြာ ပြင်ဦးလွင်မြို့နယ် ကြက်ခြေနီအသင်းမှ ထူးချွန်ကြက်ခြေနီ၊ နည်းပြများက စာတွေ့/လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်ထောင်စုနေ့နှင့် တရုတ်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင်၊ ကလော-ရွှေညောင်-ကလောနှင့် တောင်ကြီး-ပေါ်မူ-တောင်ကြီး ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ်များ ခရီးသည်စီးနင်းမှုများပြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်တွင်းမှ ခရီးသွားလာမည့် ပြည်သူများ၊ နိုင်ငံခြားသားခရီးသွားလာသူများကို ရှမ်းပြည်နယ်၏ ရေမြေတောတောင်သဘာဝ ရှုခင်းများကို ကြည့်ရှုခံစားနိုင်ရန်နှင့် သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား အနီးကပ်လေ့လာနိုင်ရန်အတွက် ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင်နှင့် တောင်ကြီးမြို့၏ အလှအပများနှင့် သဘာဝရှုခင်းများကို ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါ်မူ-တောင်ကြီး ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ်များကို အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ပြေးဆွဲပေးလျက်ရှိပြီး ကလော-အောင်ပန်း-ဟဲဟိုး-ရွှေညောင် (အသွား/အပြန်) (ဟဲဟိုး) ဘဝသံသရာ ရှုခင်းကြည့်ရထားခရီးစဉ်ကို Package ဖြင့် အထူးရထား စင်းလုံးငှားရမ်း ပြေးဆွဲပေးလျက်ရှိရာ ဖေဖော်ဝါရီလအတွင်း ပြည်ထောင်စုနေ့နှင့် တရုတ်နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် ခရီးသွားလာသူများ ကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားကြောင်း သိရသည်။

တောင်ကြီး-ပေါ်မူ-တောင်ကြီး(အသွား/အပြန်) ရှုခင်းကြည့်ရထားခရီးစဉ်ကို ရထားစီးခရီးသည်များပြားမှုကြောင့် ဖေဖော်ဝါရီ ၁၄ ရက်တွင် ရထားပြေးဆွဲမှုကို တောင်ကြီးဘူတာမှ နံနက် ၉ နာရီနှင့် မွန်းလွဲ ၁ နာရီခွဲတို့တွင် တစ်ရက်နှစ်ကြိမ် အသွား/အပြန် ပြေးဆွဲပေးခဲ့ရပြီး ခရီးသည်စုစုပေါင်း ၄၆၁ ဦးနှင့် ဖေဖော်ဝါရီ ၁၅ ရက်တွင် နံနက်ပိုင်း တစ်ကြိမ် ပြေးဆွဲပေးခဲ့ပြီး ခရီးသည် ၂၃၇ ဦး လိုက်ပါခဲ့ကြောင်း သိရသည်။

တောင်ကြီး-ပေါ်မူ ခရီးစဉ်မှာ (၁၁ ဒသမ ၄၁) မိုင် ကွာဝေး၍ ပြေးဆွဲချိန် ၁ နာရီခွဲခန့် ကြာမြင့်ပြီး တောင်ကြီးဘူတာမှ နံနက် ၉ နာရီစတင်ထွက်ခွာ၍ လမ်းခရီးတွင် ဘဝသံသရာအဝိုင်းအနီးဝန်းကျင်ရှိ



သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီးသိမ်ဘူတာ၌ ၁၅ မိနစ်ရပ်တန့်ပေးခဲ့ကာ ပေါ်မူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိပြီး ရထားတွဲဆိုင်းကို တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေးခဲ့ကာ ပေါ်မူဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာ၍ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။ အလားတူ တောင်ကြီးဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာသည့် ခရီးစဉ်တွင် တောင်ကြီးဘူတာသို့ ညနေ ၅ နာရီ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

ထို့အတူ ဖေဖော်ဝါရီ ၁၄ ရက်တွင် ကလော-အောင်ပန်း-ဟဲဟိုး-ရွှေညောင် (အသွား/ အပြန်) (ဟဲဟိုး) ဘဝသံသရာ ရှုခင်းကြည့်ရထားခရီးစဉ်ကို Package ဖြင့် အထူးရထား စင်းလုံးငှားရမ်း ပြေးဆွဲပေးခဲ့ပြီး ပုဂ္ဂလိက ခရီးသွားအဖွဲ့မှ ခရီးသည် ၄၇ ဦး လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ရှုခင်းကြည့် ရထားခရီးစဉ်အနေဖြင့် ဒီဇင်ဘာ ၁၉ ရက်မှ စတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေရက်များတွင် ပြေးဆွဲပေးလျက်ရှိရာ ဇန်နဝါရီလအထိ ပုံမှန် RBE ရထားခရီးစဉ်တွင် ခရီးသည် ၆၂၁ ဦး၊ Package ဖြင့် RBE ရထားစင်းလုံးငှားရမ်းမှုတွင် ခရီးသည် ၄၃၂ ဦး၊ စင်းလုံးငှားရထားကြီးဖြင့် ပြေးဆွဲပေးမှုတွင် ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမ ၁၁၄၀ ပို့ဆောင်ပေးခဲ့ပြီး ခရီးသည် စုစုပေါင်း ၂၁၉၃ ဦး လိုက်ပါစီးနင်းခဲ့သည်။

ယခု ဖေဖော်ဝါရီလ ရုံးပိတ်ရက်ကာလအတွင်း ခရီးသည် စီးနင်းမှုများပြားသဖြင့် ဂုတ်ထိပ်(၁)၊ ဂုတ်ထိပ်(၂) ပုံမှန် RBE ရထားခရီးစဉ်ကို အထက်တန်းတစ်တွဲနှင့် ရိုးရိုးတန်း ငါးတွဲပါဝင်သော ရထားကြီးဖြင့် ပြေးဆွဲပေးခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက် နှစ်ရက်အတွင်း ခရီးသည်စုစုပေါင်း ၅၈၂ ဦး၊ Package ဖြင့် RBE ရထားစင်းလုံးငှားရမ်းမှုတွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ အထက်တန်း RBE တွဲ ခရီးစဉ် သုံးကြိမ်၊ ရိုးရိုးတန်း RBE တွဲခရီးစဉ် နှစ်ကြိမ်နှင့် ရိုးရိုးတန်း RBE တွဲ နှစ်တွဲပါ ခရီးစဉ်တစ်ကြိမ် ဖြစ်၍ ခရီးသည်စုစုပေါင်း ၂၃၂ ဦးနှင့် စင်းလုံးငှားရထားကြီးဖြင့် ပြေးဆွဲပေးမှုတွင် ဖေဖော်ဝါရီ ၁၁ ရက်၌ Mother Love ပုဂ္ဂလိကကျောင်းမှ ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမ ၂၄၀ ပို့ဆောင်ပေးခဲ့ပြီး စတင်ပြေးဆွဲပေးချိန်မှ ယနေ့အထိ ခရီးသည် စုစုပေါင်း ၃၂၄၇ ဦး လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ခရီးသည် ၄၀ လိုက်ပါစီးနင်းနိုင်ပြီး ဂုတ်ထိပ်(၁) RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိရပ်နားပြီး ဂုတ်ထိပ် (၂) RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။ ထို့အတူ ဂုတ်ထိပ်ဘူတာမှ ဂုတ်ထိပ်တံတားပေါ်ဖြတ်သန်းပြီး ရှုခင်းကြည့်နေရာအထိ လူ ၂၀ လိုက်ပါ စီးနင်းနိုင်သည့် RGC ရထားအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

အထက်ပါ ရှုခင်းကြည့် Sight Seeing ခရီးစဉ်များအတွက် Package ဖြင့် RBE (သို့မဟုတ်) ရထားကြီး စင်းလုံးငှားရမ်းလိုပါက သုံးရက်ကြိုတင်၍ ရုံပိုင်ကြီး(အထူးတန်း) ပြင်ဦးလွင် ဖုန်း ၀၉-၄၄၈၅၃၈၈၃၀ နှင့် ကလော-ရွှေညောင် အသွား/အပြန် ခရီးစဉ်အတွက် Package ဖြင့် အထူးရထား ငှားရမ်းမှုများကို ရုံပိုင်(တာဝန်ခံ) ကလော ဖုန်း ၀၈၁-၂၃၅၀၁၄၃ မှတစ်ဆင့် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# ဝင်ငွေနည်းမိသားစုများနှင့် အိုးအိမ်မရှိသေးသူများအတွက် အိမ်ရာစီမံကိန်းများ သီရိလင်္ကာအစိုးရ ဖော်ထုတ်ပေး



**ကိုလံဘို ဖေဖော်ဝါရီ ၁၇**

သီရိလင်္ကာအစိုးရသည် ၂၀၂၆ ခုနှစ်တွင် ဝင်ငွေနည်းမိသားစုများနှင့် အိုးအိမ်မရှိမိသားစုများအတွက် မြို့တော် ကိုလံဘို၌ မြို့ပြအိမ်ရာအလုံးရေ ၂၅၀၀ ခန့်ကို ပေးအပ်သွားမည်ဖြစ်ကြောင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီး အီရန်ဂါ ဂူနာဇီကာရာ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်းမီဒီယာများ၌ ဖေဖော်ဝါရီ ၁၇ ရက်တွင် ဖော်ပြခဲ့သည်။

အိမ်ရာစီမံကိန်းသုံးခုကို ယခုနှစ်တွင် လွှဲပြောင်းပေးအပ်သွားရန် စီစဉ်ထားသည်ဟု ဂူနာဇီကာရာက ပြောကြားခဲ့သည်။ သက်ဆိုင်ရာအာဏာပိုင်များသည် လာမည့်နှစ်နှစ်အတွင်း ကိုလံဘိုမြို့၌ မြို့ပြအိမ်ရာအလုံးရေ ၇၀၀၀ ခန့်ကို ပေးအပ်သွားရန် စီစဉ်ထားရှိသည်။

ဒေသခံများကို လုံလောက်သော မြို့ပြအိမ်ရာများ ပေးအပ်သွားမည်ဆိုပါက ၎င်းတို့သည် ပို၍တာဝန်သိလာမည်ဖြစ်သည်ဟု ၎င်းက ပြောသည်။

ဝင်ငွေနည်းမိသားစုများကို ဦးတည်ချက်ထား၍ သီရိလင်္ကာအစိုးရသည် ၂၀၂၆ ခုနှစ် အမျိုးသားအိမ်ရာ စီမံကိန်းအရ နိုင်ငံတစ်ဝန်းရှိ ပြည်နယ်များတွင် အိမ်ခြေ ၃၁၂၁၈ လုံး တည်ဆောက်သွားရန် စီစဉ် ထားရှိသည်။ **ဆင်ဟွာ**



# ၂၀၂၅ ခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၏ ပို့ကုန်ကဏ္ဍ ၂၃၀ ရာခိုင်နှုန်း မြင့်တက်ဟုဆို

**ကဘူးလ် ဖေဖော်ဝါရီ ၁၇**

အာဖဂန်နစ္စတန်နိုင်ငံ၏ ပို့ကုန်ကဏ္ဍသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၅ ခုနှစ်တွင် ၂၃၀ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး နူးရူဒင်အာဇီဇီက ဖေဖော်ဝါရီ ၁၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် စီးပွားရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ရည်ရွယ်သော စီးပွားရေးဆက်သွယ်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲအတွင်း အာဇီဇီက ယင်းကဲ့သို့ မှတ်ချက်ပြုပြောကြားလိုက်ခြင်း ဖြစ်သည်။

ပို့ကုန်ကဏ္ဍလျင်မြန်စွာ မြင့်တက်လာခြင်းမှာ ဒေသတွင်းမိတ်ဖက်များ အထူးသဖြင့် ဥဇဘက်ကစ္စတန်နိုင်ငံနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု ကြီးထွားလာခြင်းနှင့် ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံရေးများ ပိုမိုအားကောင်းခိုင်မာလာခြင်းကို ထင်ဟပ်ဖော်ပြနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ညှိနှိုင်းဆွေးနွေးမှုအတွင်း အာဖဂန်နစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ စီးပွားရေးဆိုင်ရာ ကိုယ်စားလှယ်များသည် အမေရိကန်ဒေါ်လာ သန်း ၃၀၀ တန်ဖိုးရှိ ကုန်သွယ်ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

ပို့ကုန်နှင့် ဒေသတွင်းကုန်သွယ်မှုကို မြှင့်တင်ခြင်းသည် ပြည်တွင်းထုတ်လုပ်မှုများကို ပံ့ပိုးပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် နိုင်ငံ့စီးပွားရေးတည်ငြိမ်မှုကို ခိုင်မာအားကောင်းစေခြင်းတို့တွင် အဓိကကျကြောင်း မကြာသေးမီလများအတွင်း အာဖဂန်နစ္စတန်နိုင်ငံ အာဏာပိုင်များက ပြောကြားထားသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံက လာမည့်နှစ်နှစ်အတွင်း အေအိုင်နည်းပညာကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမည်




**နယူးဒေလီ ဖေဖော်ဝါရီ ၁၇**

အိန္ဒိယနိုင်ငံသည် လာမည့်နှစ်နှစ်အတွင်း အေအိုင်နည်းပညာကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံရန် မျှော်မှန်းထားကြောင်း အီလက်ထရွန်နစ်နှင့် သတင်းအချက်အလက်ဆိုင်ရာ ဝန်ကြီး အာရှီနီ ဗိုက်ရှ်နော်က ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီတွင် အိန္ဒိယအေအိုင်အကျိုးသက်ရောက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေးနှင့် ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးအာရှီနီဗိုက်ရှ်နော်က ထိုကဲ့သို့ မှတ်ချက်ပြု ပြောကြားလိုက်ခြင်း ဖြစ်သည်။

ကမ္ဘာတစ်ဝန်းမှ စီအီးအိုများသည် ခက်ခဲနက်နဲသော နည်းပညာသစ် တီထွင်မှုများနှင့် အခြေခံအဆောက်အအုံ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ကြရန် အထူးစိတ်ဝင်စားမှုရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် အေအိုင်နည်းပညာကို နည်းစနစ်ကျနမှုနှင့်အတူ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် အကျိုးရှိစွာအသုံးချနိုင်ရေး ကမ္ဘာ့ခေါင်းဆောင်များကြားတွင် ဘုံသဘောတူညီချက် တစ်ရပ်ရရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီး အာရှီနီဗိုက်ရှ်နော်က ပြောကြားသည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်တောင်ပိုင်း ကူးတို့ရေယာဉ်နစ်မြုပ်မှု သေဆုံးသူ ၆၂ ဦး ရှိလာ

**မနီလာ ဖေဖော်ဝါရီ ၁၇**

ရေငုပ်သမားများက ခရီးသည်တင် ရေယာဉ်ပျက်မှ နောက်ထပ်သေဆုံးသူများကို ထပ်မံရှာဖွေတွေ့ရှိခဲ့ပြီးနောက် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဘာစီလန်ပြည်နယ်ကမ်းလွန်တစ်နေရာ၌ ဖြစ်ပွားခဲ့သော ကူးတို့ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်မှ သေဆုံးသူပေါင်း ၆၂ ဦးအထိ ရှိလာပြီဖြစ်သည်ဟု ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ဖေဖော်ဝါရီ ၁၇ ရက်က ပြောကြားလိုက်သည်။

ခရီးသည် ၁၇ ဦး ဆက်လက်ပျောက်ဆုံးလျက်ရှိသောကြောင့် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်ဖော်ပြခဲ့သည်။

ဇန်နဝါရီ ၂၆ ရက်က အမ်ဗွီ ထရိုင်ရှာကာစတင်-၃ ရေယာဉ်သည် ဇမ်ဘွန်ဂါမြို့မှ ဆူလူပြည်နယ် ဂျိုလိုမြို့သို့ ဦးတည်ထွက်ခွာလာစဉ် တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် လူ ၂၆၃ ဦးခန့် အသက်ရှင်ကျန်ရစ်ခဲ့သည်ဟု ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။ ကူးတို့ရေယာဉ်နစ်မြုပ် တိမ်းမှောက်မှုဖြစ်ပေါ်ရသည့် အကြောင်းရင်းကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ**




ကူးတို့ရေယာဉ်နစ်မြုပ်မှုဖြစ်ပွားပြီးနောက် အသက်ရှင်လွတ်မြောက်လာသူများကို ကယ်ဆယ်ရေးသမားများက ကူညီပေးစဉ်။

# လာအိုအစိုးရက ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် အများပြည်သူဆေးရုံများကို ကိုယ်ပိုင်စီမံခန့်ခွဲအုပ်ချုပ်ခွင့်ပေး

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၁၇**

ဝန်ဆောင်မှုဆိုင်ရာ အဆင့်အတန်းများမြှင့်တင်ရန်နှင့် အစိုးရပိုင်အဆောက်အအုံများသို့ လူနာများ ပိုမိုလာရောက်ရန် ဆွဲဆောင်သည့်အနေဖြင့် လာအိုကျန်းမာရေးဝန်ကြီးဌာနသည် အစိုးရဆေးရုံများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အဖွဲ့အစည်းများအဖြစ် အသွင်ပြောင်းရေး အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် လူနာအားလုံးအတွက် ဝန်ဆောင်မှုများမြှင့်တင်ရန်၊ လိုအပ်သော စွမ်းအားအရင်းအမြစ်များကို ပိုမိုထိရောက်စွာ သုံးနိုင်ရန်၊ အရေးကြီးပုဂ္ဂိုလ်များနှင့် သီးသန့်လူနာများကို ပိုမိုနွေးထွေးစွာ ကြိုဆိုအားပေးရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

ယင်းပြုပြင်ပြောင်းလဲမှုက ဆေးရုံများကို ဝန်ထမ်းများ၊ ငွေကြေးဆိုင်ရာလုပ်ငန်းလည်ပတ်မှုများနှင့် စီမံခန့်ခွဲမှုကဏ္ဍအပေါ် ပိုမိုလုပ်ဆောင်ခွင့်ပေးခြင်းဖြင့် ဝန်ဆောင်မှုအရည်အသွေးနှင့် စီမံခန့်ခွဲမှုစွမ်းဆောင်ရည်ကို မြှင့်တင်ပေးမည်ဖြစ်သည်။

ဆေးရုံကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် စီမံခန့်ခွဲမှုအဖွဲ့များအား ပိုမိုမြန်ဆန်သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်စေနိုင်ပြီး ရောဂါရှာဖွေခြင်းနှင့် ကုသခြင်းအတွက် လိုအပ်သော ရင်းမြစ်များကို ပိုမိုထိရောက်စွာခွဲဝေပေးနိုင်မည်ဖြစ်ကာ လူနာများ၏ လိုအပ်ချက်များကို လျင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

**ဆင်ဟွာ**



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက သံလွင်တံတား(ဖားဆောင်း)အား မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

❍ *ကျောဖုံးမှ*

အနောက်ဘက်ကမ်းကပ်ခုံမှ အရှည်ပေ ၂၅၀၊ အကျယ် ၂၄ ပေခန့် ပြိုကျပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက်သာ ရှေးရှု၍ ယုတ်မာရိုင်းစိုင်းစွာဖြင့် အများပြည်သူ အဓိက သွားလာရာနှင့် ကုန်စည်များ စီးဆင်းရာတွင် အဓိကအားထားအသုံးပြုနေသော စစ်ရေးပစ်မှတ်မဟုတ်သည့် သံလွင်တံတား (ဖားဆောင်း)အား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာနစ်နာဆုံးရှုံးခဲ့ရသည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်း သိရှိရပြီး တံတားပျက်စီးမှုအား သက်ဆိုင်ရာ လမ်း/တံတားဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အမြန်ဆုံး ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက သံလွင်တံတား(ဖားဆောင်း)အား မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

❖ *ကျောဖုံးမှ*

ရရှိခဲ့သော်လည်း လူငယ်ကြယ်ပွင့်ကစားသမား လာမင်းယာမဲလ်ကန်သွင်းအဆုံးသတ်မှု တိုင်ထိထွက်ခဲ့သည့်အတွက် ဦးဆောင်ဂိုးရရှိမည့် အခွင့်အရေးလက်လွတ်ဆုံးရှုံးခဲ့ရသည်။ ပွဲချိန် ၆၁ မိနစ်တွင် ကွန်ဒီ၏ ဖန်တီးမှုမှတစ်ဆင့် ခံစစ်ကစားသမား ပေါင်ကူ ဘာစီက ဘာစီလိုနာအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။

ဘာစီလိုနာအသင်း ဦးဆောင်ဂိုးရရှိပြီး နှစ်မိနစ်အကြာတွင် ဂျီရိုနာအသင်းက ချေပဂိုးရရှိခဲ့သည်။ အဆိုပါချေပဂိုးကို သောမတ်စ်လီမာက သွင်းယူပေးခဲ့သည်။ တစ်ဖက်တစ်ဂိုးစီဖြင့် ပြိုင်ပွဲပြီးဆုံးရန် နီးစပ်မှုရှိခဲ့သော်လည်း ပွဲချိန် ၈၆ မိနစ်တွင် ဖရန်ဘယ်လ်ထရန်က ဂျီရိုနာအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန်ပြည့်ခါနီးတွင် ဂျီရိုနာအသင်းကစားသမား ဂျိုးလ်ရိုကာ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

ဘာစီလိုနာ အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် လာလီဂါ ရှုံးပွဲလေးပွဲနှင့်အတူ ဦးဆောင်သူ ရီးရဲမက်ဒရစ်အသင်းနှင့် နှစ်မှတ်ကွာဟသွားခဲ့ပြီဖြစ်သည်။ ထို့ပြင် ဘာစီလိုနာအသင်းသည် ယခုပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမ အကျော့တွင်လည်း ပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်ကို လေးဂိုးပြတ် ရှုံးနိမ့်ထားသည်။ **အောင်ဇော်**

❒ *ကျောဖုံးမှ*

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဖေဖော်ဝါရီ ၁၈ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာတို့တွင် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# မန်းရွှေစက်တော်ရာဘုရားကြီး၌ ရုံးပိတ်ရက်ရှည်ကာလအတွင်း ဘုရားဖူးပြည်သူများဖြင့် စည်ကားခဲ့

**မင်းဘူး ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်ရှိမန်းရွှေစက်တော်ရာ ဘုရားကြီးတွင် ယနေ့အထိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွား ပြည်သူ ၃၀၀၀၀ ခန့် လာရောက်ခဲ့ပြီး တည်းခိုဆောင်အခန်းများ ပြည့်သည်အထိ စည်ကားခဲ့ကြောင်း မန်းရွှေစက်တော်ရာ ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။



**ဘုရားဖူးပြည်သူ ၃၀၀၀၀ ခန့် လာရောက်ဖူးမြော်**

မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကြီးကို နှစ်စဉ်ပုံမှန်ကျင်းပမြဲဖြစ်သော တပို့တွဲလဆန်း ၅ ရက်ကစပြီး မြန်မာနှစ်ဆန်း ၁ ရက်အထိ (၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ) ရက်ပေါင်း ၈၆ ရက်ကြာ ကျင်းပလျက်ရှိကြောင်း၊ ပွဲတော်ကာလ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်ရှည်များအပါအဝင် ဖေဖော်ဝါရီ ၁၆ ရက်အထိ ဘုရားဖူးပြည်သူ ၃၀၀၀၀ ခန့် လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားဖူးပြည်သူများအား တည်းခိုဆောင်များတွင် စိတ်အေးချမ်းသာစွာ တည်းခိုနားနေနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပြီး ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားကားများအပြင် ကိုယ်ပိုင်ကားများဖြင့် လာရောက်ကြောင်း၊ နေ့စဉ် ယာဉ်ဝင်ထွက်မှုအနေဖြင့် ကားအစီးရေပေါင်း ၅၀ နှင့် ၁၀၀ ကြားရှိပြီး ယခင်နှစ် ဘုရားပွဲတော်ကာလထက် ယခုနှစ်တွင် ထူးထူးခြားခြား ပို၍စည်ကားခဲ့ကြောင်း၊ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များနှင့် ယခုတစ်ပတ် အစိုးရရုံးပိတ်ရက်ရှည်ကာလများတွင် တည်းခိုဆောင်အခန်းများ ပြည့်သည်အထိ လာရောက်ခဲ့ကြပြီး Grade-12 တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီးချိန်တွင် ဘုရားဖူးခရီးသွားများ ယခုထက်ပိုမိုစည်ကားနိုင်ကြောင်း မန်းရွှေစက်တော်ရာ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောကြားသည်။



ဦးအေးကို



ကိုဇော်ငွေလှိုင်



ဒေါ်မြင့်ကြည်



ဒေါ်ငွေငွေလှိုင်

**သင်္ကြန်ရုံးပိတ်ရက် ကာလများတွင် အစည်ကားဆုံးဖြစ်**

မန်းရွှေစက်တော်ရာ ဘုရားကြီး၌ ဘုရားပွဲတော်ကျင်းပစဉ်ကာလတစ်လျှောက် ပွဲတော်ဖွင့်ပွဲရက်၊ တပို့တွဲလပြည့်နေ့၊ တပေါင်းလပြည့်နေ့နှင့် တန်ခူးလ မဟာသင်္ကြန်ရုံးပိတ်ရက် ကာလများတွင် နှစ်စဉ်နှစ်တိုင်း အစည်ကားဆုံးဖြစ်ကာ ယခုနှစ်ဘုရားပွဲတော်ကာလတွင် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မန်းရွှေစက်တော်ရာဘုရားကြီးအနီးရှိ မင်းလှကျင်းကျေးရွာမှ ဒေသခံများက ရှေးရိုးရာ အစဉ်အလာမပျက် လှည်းယာဉ်တန်းများဖြင့် ဘုရားဖူးလာရောက်နိုင်ရေး စီစဉ်လျက်ရှိကြကြောင်း၊ အဆိုပါကျေးရွာမှ လှည်းယာဉ်တန်းများသည် တပေါင်းလပြည့်နေ့မတိုင်မီ ဘုရားဖူးလာရောက်ကြပြီး တပေါင်းလပြည့်ကျော် ၁ ရက်တွင် ပြန်လည်ထွက်ခွာလေ့ရှိသဖြင့် လှည်းဝိုင်းအဖွဲ့များနှင့်တွေ့ဆုံ၍ အမှတ်တရမှတ်တမ်းရယူခြင်းနှင့် လှည်းယာဉ်တန်းများဖြင့် ဘုရားဖူးသွားရောက်သည့် ရှေးရိုးရာဓလေ့အစဉ်အလာကို လေ့လာလိုသည့် ဘုရားဖူးပြည်သူများအနေဖြင့် တပေါင်းလပြည့်နေ့မတိုင်မီ လာရောက်လည်ပတ်နိုင်ရန် ဖိတ်ခေါ်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကျွန်တော်တို့ မိသားစုက မကွေးမြို့ကနေ နေ့ချင်းပြန် လာကြတာပါ။ ဘုရားရောက်တော့ ခြေတော်ရာနှစ်ဆူကို ဦးခိုက်ဖူးမြော်ပြီး ဘုရားပန်းလှူ၊ ရွှေသင်္ကန်းနဲ့ ဆွမ်းကပ်လှူတယ်။ ပြီးတော့ နဂါးစာကျွေး ကုသိုလ်ပြုပြီး ဘုရားက မျောက်တွေကို အစာကျွေးကြတယ်။ အိမ်က ကလေးတွေ ဘုရားဖူးလည်ပတ်ရင်း ပင်ပန်းထားသမျှ မန်းချောင်းထဲမှာ ရေချိုးပြီး အပန်းဖြေနေတာ မြင်တွေ့ရတော့ စိတ်ထဲမှာကြည်နူးပျော်ရွှင်ရပါတယ်" ဟု မကွေးမြို့မှ ဘုရားဖူးလာရောက်သူ ကိုဇော်ငွေလှိုင်က ပြောသည်။



"မြန်မာနိုင်ငံမှာ ထင်ရှားကျော်ကြားပြီးတော့ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်တဲ့ မန်းရွှေစက်တော် ဘုရားပွဲတော်ကြီးကို ဘုရားဖူးကားနဲ့ အပေါင်းအသင်းတွေနဲ့ အတူ ကျွန်မတို့ မိသားစုလိုက်လာကြတာပါ။ ဘုရားပွဲတော်က ဆောင်းအကုန် နွေအကူးကာလဆိုတော့ နွေရဲ့ရနံ့ကို ပိုပြီးခံစားရသလို လမ်းတစ်လျှောက်မှာလည်း အပင်တွေက ရွက်ဟောင်းကြွေ ရွက်သစ်ဝေနေတဲ့ မြင်ကွင်းက လွမ်းမောဖွယ်ရာ ကောင်းလှပါတယ်။ လာမယ့်နှစ်တွေမှာလည်း မန်းရွှေစက်တော်ကို ကျွန်မတို့ မိသားစုနဲ့အတူ နောက်တစ်ကြိမ် ဘုရားဖူးလာနိုင်အောင် ကြိုးစားသွားမှာပါ " ဟု ရန်ကုန်မြို့မှ ဘုရားဖူးလာရောက်လည်ပတ်သူ ဒေါ်မြင့်ကြည်က ပြောသည်။

"မန်းရွှေစက်တော်ကို လာလည်ချင်နေတာကြာပြီ။ ရွှေစက်တော်ဘုရားပွဲကို တစ်ခါမှမရောက်ဖူးသေးလို့ အိမ်က ကလေးတွေနဲ့အတူ ရောက်ဖူးအောင်လာလိုက်တာပါ။ လမ်းခရီးတစ်လျှောက် အေးချမ်းသာယာပြီး ဘုရားကိုရောက်တော့လည်း ရင်ထဲရော စိတ်ထဲမှာပါ အေးချမ်းပျော်ရွှင်ရပါတယ်။ ဘုရားဖူးခရီးသွားရင်း အလှူအတန်းနဲ့ ကောင်းမှုကုသိုလ်တွေပြုလုပ်တယ်။ ဘုရားပွဲဈေးတန်းမှာလည်ပတ်ပြီး မန်းချောင်းထဲရေချိုးရတာ အလွန်ပဲပျော်စရာကောင်းပါတယ်။ မန်းရွှေစက်တော်ဘုရားကြီးက အေးချမ်းသာယာပြီး ဘုရားဖူးလည်ပတ်ရင်း ပျော်ရွှင်စရာကောင်းတဲ့ နေရာဖြစ်လို့ ရောက်ဖူးတဲ့သူတွေရော၊ မရောက်ဖူးသေးတဲ့သူတွေရော ဘုရားဖူးလာရောက်ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးမှ ဘုရားဖူးလာရောက်သူ ဒေါ်ငွေငွေလှိုင်က ပြောသည်။



**ဘုရားဖူးလာပြည်သူများဖြင့် ပိုမိုစည်ကား**

မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက်များအပါအဝင် (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ) ရက်ပေါင်း ၈၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ပွင့်ဖြူမြို့နယ်၌ အိုးထိန်းမြေ ဓမ္မစကူးလ်သင်တန်း(၇)နှစ်ပြည့် သင်တန်းဆင်းပွဲ ကျင်းပ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၇**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရွာသစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော အိုးထိန်းမြေဓမ္မစကူးလ်ယဉ်ကျေးလိမ္မာသင်တန်း (၇) နှစ်ပြည့် သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ တက်ရောက်လာကြသူများက နမောတဿ(၃)ကြိမ် ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ကာ ဓမ္မစကူးလ်သင်တန်း ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဓမ္မစကူးလ်အဓိဋ္ဌာန်ကို သံပြိုင်ရွတ်ဆိုကြပြီး ရွာသစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်ထံမှ ငါးပါးသီလနှင့် ဆုံးမဩဝါဒများကို နာယူခဲ့ကြသည်။

ဆက်လက်၍ ရွာသစ်ကုန်းကျေးရွာ အိုးထိန်းမြေဓမ္မစကူးလ်သင်တန်း တာဝန်ခံ ဆရာတော် ဦးတိလောက က ကျေးရွာရှိ ကျောင်းသား ကျောင်းသူ မောင်မယ်များ ယဉ်ကျေးလိမ္မာစေရန် ဓမ္မစကူးလ်သင်တန်း ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းမိန့်ကြားကာ ကျောင်းသားမိဘများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရွာသစ်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ကြီးနှင့် တာဝန်ရှိသူများက အိုးထိန်းမြေဓမ္မစကူးလ်သင်တန်း ကျောင်းသား ကျောင်းသူများအား အတန်းလိုက် ဗုဒ္ဓဝင်ဥာဏ်စမ်းပဟေဠိ အမေး/အဖြေ ပြုလုပ်၍ ဖြေဆိုနိုင်သော ထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဓမ္မစကူးလ်သင်တန်းတွင် သင်တန်းနည်းပြ ဆရာ ဆရာမ ၁၅ ဦးတို့က ကျောင်းသား ကျောင်းသူဦးရေ ၁၀၀ ကျော်ကို ဗုဒ္ဓအဆုံးအမ ယဉ်ကျေးလိမ္မာစာပေများ၊ ဘုရားရှိခိုးနည်း၊ သီလယူခြင်း၊ မေတ္တာပို့သခြင်း၊ တရားထိုင်ခြင်း အစရှိသည့် ယဉ်ကျေးလိမ္မာဓမ္မစကူးလ်သင်ခန်းစာများကို ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)



# လေပြင်းဘေးကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**အထက်မင်းလှ ဖေဖော်ဝါရီ ၁၇**
မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ လေပြင်းဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အိုးအိမ်များ ပြင်ဆင်နိုင်ရန် ဝါး၊ ထရံ၊ သက္ကယ်၊ မျှောတိုင်များနှင့် လိုအပ်သည့် ဆက်စပ်ပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက အမှတ်(၃) တောင်ရပ်ကွက်ရှိရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ထောက်ပံ့ပေးအပ်ခဲ့သည်။



ယင်းသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များ ဦးဆောင်၍ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် လေပြင်းဘေးကြိုတင်ကာကွယ်ရေးအတွက် တောင်ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အိုနေအိမ်များ၊ အမျိုးသမီးဦးဆောင်သည့် နေအိမ်များ၊ အမိုးအကာခိုင်ခံ့မှုမရှိသည့် နေအိမ် စုစုပေါင်း ၅၃ လုံးကို လေပြင်းဘေးကြိုတင်ကာကွယ်ရေးအတွက် အိုးအိမ်များ ပြင်ဆင်နိုင်ရန် ဝါး၊ ထရံ၊ သက္ကယ်နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဝင်းမြတ် (အထက်မင်းလှ)

# ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**စဉ့်ကူး ဖေဖော်ဝါရီ ၁၇**
မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့၌ မွေးစမှ အသက် နှစ်နှစ်အောက် ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို စဉ့်ကူးမြို့ အမှတ်(၁)ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးသည်။

**ကာကွယ်ဆေးထိုးနှံ**

အဆိုပါ ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးတိုက်ခြင်းလုပ်ငန်းများကို စဉ့်ကူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ ဗိုလ်မှူး ရှင်းသန့်လွင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မြင့်သိန်းဦးတို့၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက မွေးစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပေါင်ချိန်ပေးခြင်း၊ အသက်အရွယ်လိုက် ဘီစီဂျီ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်-ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးခြင်းနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (ရိုတာကာကွယ်ဆေး) တို့ကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

တင်ဇော်လွင် (ပြန်/ဆက်)



## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ခဝတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## မြတ်မော်တင်ဘုရား ကမ်းခြေ၌ စုပေါင်းအမှိုက်ကောက်

**ပုသိမ် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ဦးစီးကျင်းပသည့် လူငယ်များ လေ့လာရေး ခရီးစဉ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍတွင် လူငယ်များ သိရှိလိုက်နာဆောင်ရွက်ထိန်းသိမ်းနိုင်ရေးအတွက် စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေး ပြုလုပ်ခြင်း အခမ်းအနားကို ယမန်နေ့က မဟာမကုဋ္ဌရုံသီဆံတော်ရှင် မြတ်မော်တင် စေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်အခမ်းအနားအပြီးတွင် မြတ်မော်တင်ဘုရားကမ်းခြေ၌ ပြုလုပ်ရာ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့် ကော်မတီဝင်များ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ လူငယ်လူရွယ် ၁၀၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့သည်။

ပုသိမ်(ပြန်/ဆက်)



## အောင်မြေသာစံ၌ မီးသတိပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် 191 Report application ထည့်သွင်းပေး

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် သရက်ကုန်းရပ်၌ မီးဘေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက်ဦးဆောင်၍ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးသတိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် 191 Report application ကို ပြည်သူများအသုံးပြုရေး ကွင်းဆင်းထည့်သွင်းပေးခြင်း



များကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

၂၂၁

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခြောက်သွေ့ရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မီးလောင်မှုများ မဖြစ်ပွားစေရန် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း စက်သုံးဆီ အရောင်းဆိုင်များဖြစ်သော Denko-1၊ Denko-2၊ Denko-3 နှင့် မြတ်မေတ္တာမွန် စက်သုံးဆီ အရောင်းဆိုင်တို့ကို မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် သုံးဦးတို့နှင့်အတူ ဆိုင်တာဝန်ခံ၊ ဝန်ထမ်းများနှင့် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့နယ် မီးသတ်ဦးစီးဌာနသည် မီးဘေးအန္တရာယ် မဖြစ်စေရေးအတွက် ပြည်သူများ မီးသတိပြုရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတိပေး ဆော်ဩခြင်း၊ နှိုးဆော်ခြင်းနှင့် စစ်ဆေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောက်ရွက်လျက်ရှိကြောင်းသိရသည်။

မြင့်မြင့်ရီ








## ဒက္ခိဏသီရိမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇** နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇၂)ကွင်းအတွင်းရှိ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ၁၀ ဧက ဖြစ်ထွန်းနေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇၂) ကွင်းနွေစပါး ၁၀ ဧက စိုက်ပျိုးခြင်း၊ ရွာမကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇၂)ကွင်းအတွင်း နေကြာ ၁၀ ဧက အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေနှင့် ချိုင်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇၁)ကွင်းအတွင်း ဧက ၅၀ နေကြာစိုက်ခင်းဖြစ်ထွန်းနေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး တောင်သူများအား စပါးနှင့် ဆောင်းသီးနှံများ အထွက်နှုန်း ကောင်းမွန်စေရေး မြေပြုပြင်ခြင်းလုပ်ငန်းအား စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်၍ ပန်းတိုင်အထွက်နှုန်း ရရှိစေရေး နည်းစနစ်မှန်ကန်စွာ ဆက်လက် ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေမြောင်းများ ကောင်းမွန်အောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ရွှေနှင်းဆီလမ်း၊ ခတ္တိယလမ်းနှင့် ရွှေသဇင်လမ်းဘေး ဝဲ/ယာတစ်လျှောက်ရှိ သစ်ပင်၊ ချုံနွယ်၊ မြက်ပင်အမှိုက်များ ဖယ်ရှားရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာလှပစေရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်စေရေး၊ ရေစီး၊ ရေလာကောင်းမွန်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး
(ဒက္ခိဏ)**



## မြစ်သားမြို့နယ်၌ ရွှေဖလားမျိုးကြက်သွန်နီများ အထွက်နှုန်းကောင်းမွန်

**မြစ်သား ဖေဖော်ဝါရီ ၁၇**
မြစ်သားမြို့နယ်အတွင်းရှိ ကြက်သွန်နီပွဲရုံများ၌ ဒေသခံတောင်သူများ စိုက်ပျိုးရောင်းချသည့် ကြက်သွန်နီကုန်များ အဝင်များလျက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်ဒေသခံတောင်သူများအနေဖြင့် ကြက်သွန်နီများကို မိသားစုဝင်ငွေအဖြစ် အဓိကထားစိုက်ပျိုးလျက်ရှိပြီး ထွက်ရှိသောကြက်သွန်နီများကို မြစ်သားမြို့ပေါ်ရှိ ကြက်သွန်ပွဲရုံများတွင် နေ့စဉ်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ မြစ်သားမြို့ထွက်ကြက်သွန်နီများကို ပြည်တွင်းရှိမြို့နယ်များအပြင် ပြည်ပသို့လည်း တင်ပို့ရောင်းချလျက်ရှိရာ နေ့စဉ်တင်ပို့ရောင်းချနေရပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ **ဝင်းမင်းထွန်း(ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်၌ စာပေချစ်မြတ်နိုးသူများအသင်း Book Club(မုဒိတာ) အဖွဲ့ဝင်များ စာဖတ်ဝိုင်းကျင်းပ

**ရွှေတောင် ဖေဖော်ဝါရီ ၁၇** ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်း ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ယနေ့နံနက်ပိုင်းက စာရေးဆရာမ ဧပရယ်ယုနိုင်၏ "မမဆိုသောသမီးကြီး"စာအုပ်ဖြင့် စာဖတ်ဝိုင်း ပြုလုပ်သည်။

အဆိုပါ စာဖတ်ဝိုင်းတွင် စာပေချစ်မြတ်နိုးသူများအသင်း Book Club ဥက္ကဋ္ဌ ဒေါ်ခင်ယုနိုင် (ဧပရယ်ယုနိုင်)က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးအရာရှိ ဒေါ်အေးအေးမိုးက ရွှေတောင်မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် စာဖတ်ရှိန် မြင့်မားလာစေရန်၊ စာပေမှ ဗဟုသုတများရရှိစေရန်၊ တစ်ဦးနှင့်တစ်ဦး အတွေးအခေါ်အယူအဆများကို နှီးနှောဖလှယ်နိုင်ခြင်း၊ စာပေဖတ်ရှုသည့် အလေ့အကျင့်များ ရရှိစေခြင်း၊ စာပေဖတ်ရှုခြင်းကြောင့် အသိအမြင်ဗဟုသုတ တိုးပွားစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည့်အတွက် စာပေများဖတ်ရှုလေ့လာရန် လိုအပ်ကြောင်း စာဖတ်ခြင်း၏ အကျိုးကျေးဇူးနှင့် စာဖတ်ဝိုင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။



ဆက်လက်၍ တက်ရောက်လာသော စာပေချစ်မြတ်နိုးသူများက စာရေးဆရာမ ဧပရယ်ယုနိုင်၏ "မမဆိုသောသမီးကြီး" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးကျင်းပကြကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**



## သုံးခွမြို့နယ်၌ ပဲတီစိမ်းများ ဈေးကွက်အတွင်း စတင်ဝင်ရောက်

**သုံးခွ ဖေဖော်ဝါရီ ၁၇**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ ပဲဈေးကွက်အတွင်းသို့ ပဲတီစိမ်းများ ဝင်ရောက်လျက်ရှိရာ ဈေးကွက်အတွင်း ဝင်ရောက်ခါစဖြစ်သည့်အတွက် ဈေးနှုန်းတည်ငြိမ်မှု မရှိသေးကြောင်း၊ တစ်ဧက အထွက်နှုန်းတိုး၍ပေါက်ဈေး မြင့်မားပါက တောင်သူများ ပို၍တွက်ခြေကိုက်ကြောင်း သိရသည်။

ပဲတီစိမ်းများကို မြို့နယ်အတွင်းနှင့် အခြားဒေသများမှ လယ်ယာလုပ်သားများက လူအင်အားဖြင့် ဆွတ်ခူးလျက်ရှိပြီး ရိတ်သိမ်းခြွေလှေ့စက်များဖြင့်လည်း ဆောင်ရွက်လျက်ကြောင်း သိရသည်။ ပဲဈေးကွက်အတွင်း ပဲအဝင်များလာခြင်းနှင့်အတူ ဈေးနှုန်းကျဆင်းသွားမည်ကို စိုးရိမ်နေရကြောင်း တောင်သူများထံမှ သိရသည်။ ဆောင်းသီးနှံသီးထပ်ပဲတီစိမ်းကို နိုဝင်ဘာလ စတုတ္ထပတ်၊ ဒီဇင်ဘာလဆန်းတွင် စတင်စိုက်ပျိုးကြပြီး ယခုနှစ်တွင် အချိန်အခါမဲ့ မိုးကြောင့် စိုက်ပျိုးချိန်နောက်ကျခဲ့ကာ တောင်သူတစ်ဦးနှင့်တစ်ဦး စိုက်ပျိုးချိန် မတူညီသဖြင့် ပဲထွက်ချိန်လည်း ကွာခြားမှုရှိကြောင်း၊ ပဲစိုက်ပျိုးပြီး ၇၅ ရက်အကြာတွင် ဆွတ်ခူးနိုင်ကြောင်း၊ သုံးခွမြို့နယ်၌ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် စိုက်ပျိုးရာသီတွင် ဆောင်းသီးနှံ ပဲတီစိမ်း ၁၃၉၆၉၃ ဧက စိုက်ပျိုးထားကြောင်း သိရသည်။ **ကျော်ဆန်း**

## ပြင်ဦးလွင်မြို့နယ်ရှိ ဝါးနက်အပန်းဖြေဆင်စခန်းသို့ လာရောက်လည်ပတ်သူများပြား၊ ဆင်စာဘူဖေးကျွေးမွေး

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၇** မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင်လမ်းမှ ၅ မိုင် ၅ ဖာလုံအကွာ၊ ရဲရွာ ရေအားလျှပ်စစ်စက်ရုံလမ်းပေါ်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင် ဝါးနက်အပန်းဖြေဆင်စခန်းသို့ အများပြည်သူ အလုပ်ပိတ်ရက်ရှည် ဖြစ်သော ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်တို့တွင် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်မှပြည်သူများ လာရောက်အပန်းဖြေကြပြီး ဆင်စီးခြင်း၊ ဆင်စခန်း ဥယျာဉ်အတွင်း လည်ပတ်ခြင်း၊ ဆင်စာဘူဖေး ကျွေးကုသိုလ်ပြုကြသည်။



ဝါးနက်အပန်းဖြေဆင်စခန်းရှိ ဆင်ကြီးရှစ်ကောင်၊ ဆင်ကလေးသုံးကောင် စုစုပေါင်းဆင် ၁၁ ကောင်အတွက် ဆင်စာ စပါး၊ ဆင်စာအသီးအနှံများကို ကျွေးမွေးလှူဒါန်းနိုင်ကြောင်း သိရသည်။

ဝါးနက်ဆင်စခန်းမှ ဆင်ကလေးများအား အနီးကပ်လေ့လာခြင်း၊ ဆင်ရေချခြင်း၊ ဆင်ပြတိုက်တွင် ဆင်အကြောင်းရှင်းပြခြင်း စသည့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

**မောင်ပြည်သူ(မန္တလေး)**

**ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ကလောခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်ကြီး ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းသည် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကလောခရိုင် ဟဲဟိုး၊ အောင်ပန်း၊ ညောင်ရွှေ ဒေသအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဟဲဟိုးမြို့ရှိ ဟဲဟိုးဆည် (အင်းခေါင်းဆည်)၌ တောင်သူလယ်သမားနေ့ အထိမ်းအမှတ် စိုက်ပျိုးရေး စုံညီပွဲတော်ကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင် စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းနေရာများကို ကြည့်ရှုစစ်ဆေးရာ Green House များ၏ အမိုး၊ အကာများ ပျက်စီးမှုများ ပြင်ဆင်ရန်နှင့် သီးနှံများကို သတ်မှတ်စံချိန်စံညွှန်းများ နှင့်အညီ အရည်အသွေးပြည့်မီစွာ စနစ်တကျစိုက်ပျိုး ရန် မှာကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကလောမြို့နယ် ကမ်းပါးနီ ကျေးရွာအုပ်စု သာမိုင်းခမ်းကျေးရွာရှိ သာမိုင်းခမ်းရေလွှဲဆည် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးက စိုက်ပျိုးရေးလုပ်ငန်းများအတွက် အရေးပါသည့် ဆည်ဖြစ်၍ ရေအရင်းအမြစ်များ ဆုံးရှုံးမှုမရှိစေရေး စနစ်တကျဆောင်ရွက်ရန်၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ဒေသခံတောင်သူများ၏ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အင်းတိန်ရေလွှဲဆည် Outfall ပိုင်း ကြမ်းခင်းနှင့် မြေထိန်းနံရံပျက်စီးခြင်းမှ ပြန်လည်ပြုပြင်ခြင်း၊ အင်းတိန်ရေလွှဲဆည်ယာဘက် ရေလျှံထိန်း တာပေါင်ကျိုးပေါက်မှုကို ပြန်လည်ပြုပြင်ခြင်း၊ အင်းတိန်ရေလွှဲဆည်အထက်ပိုင်း ရေတိုက်စားမှုကြောင့် မြေထိန်းနံရံပျက်စီးခြင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ် အင်းတိန်ကျေးရွာ၌ စက်မှုလယ်ယာစနစ်ကျမြေ ၁၃၉ ဧက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းနေရာသို့ လည်းကောင်း၊ ညောင်ရွှေမြို့နယ်အတွင်းရှိ တာယောချောင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ထက်ဝေ**
**(ပြန်/ဆက်)**

## ကျောက်ကြီးမြို့နယ်၌ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**ကျောက်ကြီး ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ယနေ့ နံနက်ပိုင်းက စတင်၍ မြို့နယ်အခြေခံပညာ အထက်တန်းကျောင်းတွင် အခြေခံပညာ မူလတန်းအဆင့်၊ အခြေခံပညာ အလယ်တန်းအဆင့်နှင့် အခြေခံပညာ အထက်တန်းအဆင့် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်လှစ်သည်။

အဆိုပါ သင်တန်းကို မြို့နယ်ပညာရေးမှူးရုံး၏ စီမံညွှန်ကြားမှုဖြင့် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဦးဆောင်၍ အခြေခံပညာ မူလတန်းအဆင့်နှင့် အခြေခံပညာ အလယ်တန်းအဆင့်တွင် သင်တန်းသား စုစုပေါင်း ၆၆ ဦးအား ဆရာ ဆရာမ ကိုးဦးက လည်းကောင်း၊ အခြေခံပညာ အထက်တန်းအဆင့်တွင် သင်တန်းသား စုစုပေါင်း ၁၄ ဦးကို ဆရာ ဆရာမ ရှစ်ဦးက လည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။



ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်လှစ်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် အလှူငွေများ ထောက်ပံ့ပေးအပ်ရာ မြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ခရမ်းမြို့နယ်၌ ဇီဝလုံခြုံမှုဆိုင်ရာ အသိပညာပေးဟောပြော

**ခရမ်း ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကရင်ကန်ကျေးရွာ၊ မက္ကသန်ကျေးရွာနှင့် ကမာကလူကျေးရွာများ၌ ယနေ့နံနက်ပိုင်းက ဇီဝလုံခြုံမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ စုစုလှဝင်းက ဇီဝလုံခြုံမှုနှင့်လုပ်ဆောင်ရမည့် အချက်အလက်များ၊ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော မွေးမြူသူတောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရမ်း(ပြန်/ဆက်)**

## ညောင်ရွှေမြို့နယ်၌ စီမံကိန်းသီးနှံနွေစပါးစိုက် သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုမြေဩဇာများ ပေးအပ်

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် သမဝါယမဦးစီးဌာနသည် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြို့နယ်အတွင်းရှိ သမဝါယမအသင်းသား တောင်သူများဖြစ်ကြသည့် စီမံကိန်းသီးနှံ နွေစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုများပံ့ပိုးပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျော့မောင်ငယ်ကျေးရွာ မနေသုခစိုက်ပျိုးထုတ်လုပ်ရေး၊ သလဲဦးကျေးရွာ ရောင်နီဦးလယ်ထွေနှင့် လွယ်မောကျေးရွာ ရွှေမင်းသားစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား တောင်သူများ၏ နွေစပါးသီးနှံစီမံကိန်း အထောက်အကူဖြစ်စေရန်နှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးအတွက် သမဝါယမဦးစီးဌာန၊ မြို့နယ်သမဝါယမအသင်းစုနှင့် ဆုလာဘ်ကုမ္ပဏီက စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်း ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး Leo မြေဩဇာ၊ Thai Power မြေဩဇာနှင့် ဆုလာဘ်မြေဩဇာ စုစုပေါင်း ၇၅၇ အိတ်ကို အသင်းသားများ လက်ဝယ်အရောက် ပံ့ပိုးပေးခဲ့သည်။



ညောင်ရွှေမြို့နယ်အတွင်း သမဝါယမအသင်းများမှ နွေစပါးစိုက်ဧက ၁၆၀၀ လျာထား စိုက်ပျိုးလျက်ရှိပြီး အသင်းသားများ၏ စိုက်ပျိုးထားရှိမှုအပေါ် နည်းပညာနှင့် သွင်းအားစုလိုအပ်ချက်များကို ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## ဆိပ်ဖြူမြို့နယ်၌ ရေသွင်းငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ ဈေးကောင်းရရှိ

**ဆိပ်ဖြူ ဖေဖော်ဝါရီ ၁၇**

ဆိပ်ဖြူမြို့နယ်၌ ရေသွင်းငရုတ်စိုက်ခင်းများကို ကိုင်းမြေနှင့် ကုန်းမြေတို့တွင် စိုက်ပျိုးဆောင်ရွက်ကြပြီး အောင်မြင်ဖြစ်ထွန်း၍ ဈေးကောင်းရရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စားဖိုဆောင်သီးနှံငရုတ်ကို ၃၃၂ ဧက စိုက်ပျိုးခဲ့ပြီး ငရုတ်စိုက်ပျိုးမှုအနေဖြင့် ထိုင်ဝမ်မျိုးစေ့များကို ဝယ်ယူပျိုးထောင်ခြင်း၊ စိုက်ပျိုးမြေပြင်ဆင်ဆောင်ရွက်ခြင်းနှင့် သွင်းအားစုမြေဩဇာများကို ထည့်သွင်းစိုက်ပျိုးခြင်းများ ဆောင်ရွက်ကြသည်။ ငရုတ်စိုက်တောင်သူများအနေဖြင့် တစ်လလျှင် လေးကြိမ် လုပ်သားများဖြင့် ငရုတ်သီးမှည့်များ ခူးဆွတ်ရကြောင်း၊ ငရုတ်သီးကို ရာသီကုန်အထိ တစ်ဧကလျှင် ပိဿာ ၆၀၀၀ အထိ ထွက်ရှိရန် မျှော်မှန်းထားရှိပြီး လိုအပ်သည့် သွင်းအားစုစိုက်ပျိုးရေးနှင့် မြေဩဇာ များကို ထည့်သွင်းဆောင်ရွက်ကြကြောင်း၊ လက်ရှိတွင် ငရုတ်သီးတောင်သူများ ဈေးကောင်းရရှိ၍ အဆင်ပြေကြောင်း သိရသည်။



**စိုးလင်းနိုင်(ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်၌ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

**ထန်းတပင် ဖေဖော်ဝါရီ ၁၇**

ထန်းတပင်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဖြန့်ဖြူးရေးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် စာစစ်ဌာနကြီးကြပ်ရေးမှူးတို့ ပူးပေါင်းကာ ယမန့်နေ့က ကွင်းဆင်းစစ်ဆေးသည်။

တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ စာမေးပွဲ ဖြေဆိုနေစဉ်ကာလအတွင်း လျှပ်စစ်မီးကြိုး သွယ်တန်းထားရှိမှုအခြေ အနေများ၊ မီးသတ်ဆေးဘူးများ၊ ကျောင်းတွင်း ကျောင်းပြင် သန့်ရှင်းမှုရှိစေရေး၊ မီးလောင်မှု မီးလန့်မှုများ မဖြစ်ပေါ်စေရေးနှင့် စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ဥတ္တရသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

**ဥတ္တရသီရိ ဖေဖော်ဝါရီ ၁၇**

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် ဇေယျဌာနီလမ်းမကြီးဘေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့မှ ကြီးကြပ်၍မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများက မြို့သန့်ရှင်းသာယာလှပစေရေးအတွက် သစ်ပင်၊ ချုံနွယ်၊ မြက်ပင်အမှိုက်များကို ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဇလောင်းကျေးရွာ ကွင်းအမှတ် (၁၈၈၀) တောင်သူဦးသောင်းလှိုင်၏ လယ်မြေသုံးဧကတွင် နွေစပါး ထိုင်းနံ့ကောက်မျိုး စိုက်ပျိုးထားရှိမှုအခြေအနေကိုလည်းကောင်း၊ ကွင်းအမှတ်(၁၈၈၁) တောင်သူဦးထွန်းဝေ၏ လယ်မြေ (၁၂) ဧကတွင် မိုးစပါး ပေါ်ဆန်းစပါးမျိုးကို ရိတ်သိမ်းပြီး စပါးလမိုင်း ပြန်လည်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် တာဝန်ရှိသူများလိုက်ပါလျက် မောင်ရမ်းကျေးရွာ ကွင်းအမှတ်(၁၈၈၅) တွင် ဖောင်းလောင်ဆည်မှ နွေစပါးစိုက်ပျိုးရန် ဆည်ရေစတင်ပေးဝေနေမှုနှင့် စိုက်ပျိုးမြေများပြုပြင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား တစ်နှစ်သုံးသီးရာသီပြည့် သီးနှံများစိုက်ပျိုးနိုင်ရေး၊ ပလပ်မြေမရှိအောင် စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ကြိုက်နှစ်သက်ရာ မျိုးကောင်းများကိုရွေးချယ်ပြီး တစ်ချိန်တည်းစိုက်ပျိုးပြီး ရိတ်သိမ်းချိန် ဟန်ချက်ညီအောင်ဆောင်ရွက်ရေး၊ စိုက်ပျိုးမြေများကို စနစ်တကျပြုပြင်နိုင်ရေး၊ သဘာဝမြေဩဇာကို တောင်သူများ ကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ စိုက်ပျိုးရေမျိုးကို အကျိုးရှိရှိအသုံးပြုရေးနှင့် တာဝန်ရှိသူအနေဖြင့် တောင်သူနည်းပညာပေးဆွေးနွေးပွဲများ စဉ်ဆက်မပျက်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**



# မော်လမြိုင်မြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ရုံးပိတ်ရက်တွင် စိတ်အေးချမ်းသာစွာ ဘုရာဖူးလာပြည်သူများဖြင့် အထူးစည်ကား

**မော်လမြိုင် ဖေဖော်ဝါရီ ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရုံးပိတ်ရက်ရှည်၊ အလုပ်ပိတ်ရက်များဖြစ်သည်နှင့်အညီ မော်လမြိုင်မြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ ဘုန်းတော်ကြီးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရား ဖူးမြော်ကြည်ညိုသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



ထိုသို့ ဖူးမြော်ကြည် ညိုလျက်ရှိရာ မော်လမြိုင်မြို့ပေါ်ရှိ ကျိုက်သလ္လံဆုတောင်းပြည့်စေတီတော်မြတ်ကြီး၊ မဟာမြတ်မုနိဘုရား၊ဦးဇိနဘုရား၊ ဦးခန္တီဘုရား၊ နဂါးမောက်စေတီတော်နှင့် အခြားဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများက ပန်း၊ ဆီမီးများ ပူဇော်ခြင်း၊ မြတ်စွာဘုရားရှင်အား ဖူးမြော်ကြည် ညိုခြင်းများဖြင့် ကုသိုလ်ရယူခဲ့ကြသည်။

မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများဖြင့်လည်းကောင်း စည်ကားလျက်ရှိပြီး တောင်ရိုးတန်း လမ်းတစ်လျှောက် ဘုရား၊ စေတီပုထိုးတို့၌လည်း ရုံးပိတ်ရက်ရှည်ဖြစ်သည့်အတွက် ရပ်ဝေးရပ်နီးမှ ဘုရားဖူး၍ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ်၌ ဇီဝလုံခြုံမှုဆိုင်ရာ အသိပညာပေး

**မင်္ဂလာဒုံ ဖေဖော်ဝါရီ ၁၇**

တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဇီဝလုံခြုံမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီက ရွာမရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိဒေါက်တာ နေခြည်နွေး က တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာအကြောင်းအရာများနှင့် ဇီဝလုံခြုံမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို အသိပညာပေးဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်ကြသည့် တောင်သူများက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက တက်ရောက်လာကြသည့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ကြသည့် ဒေသခံတောင်သူများအား အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

# သမိုင်းဝင် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်၌ ဘုရားဖူးဧည့်သည်များဖြင့် စည်ကားများပြား

**ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင် စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက် (တပေါင်းလဆန်း (၁) ရက်) တွင် စတင်ဖွင့်လှစ်ခဲ့ပြီးနောက်ပွဲတော်ကာလ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားများပြားလျက်ရှိပြီး အစိုးရရုံးပိတ်ရက်များတွင် ဘုရားဖူးအများအပြား ပိုမိုလာရောက်ကြ၍ တည်းခိုဆောင်များ ပြည့်သည်အထိ လာရောက်ကြသည်။

ဘုရားဖူး လာရောက်ကြသူများသည် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ် မော်တင်စွန်းစေတီတော် မြတ်ကြီး၏ ရင်ပြင်တော်နှင့် အနီးဝန်းကျင်ရှိ တည်းခိုဆောင်များတွင် အနားယူအပန်းဖြေကြကာ မနက်စောစော၊ ညနေအေးအေးနှင့် ညချမ်းအချိန်တွင် စေတီတော်ကြီးအား တက်ရောက်ဖူးမြော်ပြီး အဓိဋ္ဌာန်ဝင်ခြင်း၊ ပရိတ်/ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊တရားဘာဝနာအားထုတ်ခြင်းနှင့် နံနက်အာရုံတက်ချိန်တွင် အာရုံဆွမ်းကပ်၍ ဘုရားဝတ်ပြုခြင်းတို့ကို ပြုလုပ်ကြပြီး ဘုရားကြီး၏ရင်ပြင်တော် တိုးချဲ့တည်ဆောက်နေမှု လုပ်ငန်းများနှင့် ဘက်စုံပြုပြင်ရန် အတွက် အလှူငွေများ ကုသိုလ်ယူ ပါဝင်လှူဒါန်းခဲ့ကြသည်။



ဘုရားဖူး ဧည့်သည်များသည် ပင်လယ်ကမ်းခြေဒေသ၏ လှပသော သဘာဝတရားကို ကြည့်ရှုခံစားပြီး ကျောက်ဆောင်များပေါ်တွင် အလှဓာတ်ပုံများ ရိုက်ကူးခြင်း၊ ကျောက္ကလပ်သို့ သွားရောက် လည်ပတ်ကြခြင်း ဟိုင်းကြီးကျွန်းပေါ်ရှိ သမိုင်းဝင်နေရာများနှင့် ဘုရားစေတီပုထိုးများအား သွားရောက်ဖူးမြော်ကြပြီး ငွေတောင်ရေချိုးဆိပ်သို့ သွားရောက်ကာ ရေကူးအပန်းဖြေ အနားယူကြကြောင်း သိရသည်။

**လှိုင်မျိုးအောင်(ပြန်/ဆက်)**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့ စကား”** အစီအစဉ်မှ **“တော်လှန်ရေးအကြောင်းပြ အကြမ်းဖက်သမားတွေကြောင့် ပြည်သူတွေရဲ့ ခရီးသွားလာရေးမှာ အခုချိန်ထိ အခက်အခဲများ ကြုံနေရဆဲဖြစ်နေ”** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေး သွားမည်ဖြစ်သည်။ လာမည့်အပတ် ၂၅-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ဆူပူသောင်းကျန်းမှုများကို အမြစ်ပြတ်ချေမှုန်းရန် အသိပညာမြှင့်တင်ရေးက ပိုမိုအရေးကြီး ”** ခေါင်းစဉ်ဖြင့် ဆက်လက် ဆွေးနွေးတင်ဆက်မည ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေး နေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၁၇-၂-၂၀၂၆ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့နှင့် ဟဲဟိုးမြို့ | ၃.၃ | ၃၇.၉ |
| လွိုင်လင်မြို့ | ၃.၄ | ၃၈.၁ |
| နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) | ၃.၇ | ၃၈.၇ |
| မိုင်းယန်းမြို့ | ၄.၅ | ၄၀.၁ |
| ပင်လောင်းမြို့ | ၅.၃ | ၄၁.၅ |
| လားရှိုးမြို့ | ၆.၂ | ၄၃.၂ |
| တီးတိန်မြို့ | ၆.၈ | ၄၄.၂ |
| သီပေါမြို့ | ၇.၅ | ၄၅.၅ |
| ပူတာအိုမြို့ | ၈.၀ | ၄၆.၄ |
| ညောင်ရွှေမြို့ | ၈.၄ | ၄၇.၁ |

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# အက်ဖ်အေဖလား ပဉ္စမအဆင့် မဲခွဲထုတ်ပြန်

## လိဂ်ဝမ်းကလပ် မန်းစ်ဖီးလ်က အာဆင်နယ်နှင့် တွေ့ဆုံ

အက်ဖ်အေဖလားပြိုင်ပွဲ ပဉ္စမအဆင့်ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ လိဂ်ဝမ်းကလပ် မန်းစ်ဖီးလ်က အက်ဖ်အေဖလား (၁၄) ကြိမ်ရ အာဆင်နယ်အသင်းနှင့် တွေ့ဆုံသည်။

နယူးကာဆယ်အသင်းက နည်းပြ ဂွါဒီယိုလာ၏ မန်စီးတီးအသင်းနှင့် တွေ့ဆုံသည်။ မန်စီးတီးသည် နယူးကာဆယ်ကို အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းထားသည်။

ချန်ပီယံရှစ်ကလပ် ရက်စ်ဟမ်းက အက်ဖ်အေဖလား ရှစ်ကြိမ်ရ ချယ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အက်ဖ်အေဖလားပြိုင်ပွဲ ပဉ္စမအဆင့်ပွဲစဉ်များကို လာမည့်မတ်လ ၇ ရက်၊ ၈ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အက်ဖ်အေဖလားပြိုင်ပွဲ ပဉ္စမအဆင့်**

မဲခွဲရလဒ်အပြည့်အစုံ

| | | |
|---|---|---|
| ဖူလ်ဟမ် | vs | ဆောက်သမ်တန် |
| ပေါ့သ်ဗေး/ဘရစ္စတိုး | vs | ဆန်းဒါးလန်း |
| နယူးကာဆယ် | vs | မန်စီးတီး |
| လိဒ်စ် | vs | နော့ဝှစ်ချ် |
| မန်းစ်ဖီးလ် | vs | အာဆင်နယ် |
| ဝုဖ် | vs | လီဗာပူး |
| ရက်စ်ဟမ်း | vs | ချယ်ဆီး |
| ဝက်စ်ဟမ်း | vs | ဘရန့်ဖို့ဒ် |



၁၉၇၅ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် အက်ဖ်အေဖလား ပဉ္စမအဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် လိဂ်ဝမ်းကလပ် မန်းစ်ဖီးလ်။



# ရှနိုက်ဒါကို အနိုင်ယူပြီး အမေရိကန်တင်းနစ်မယ် ဂျိုဗစ် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ် ၁၆ ဦးအဆင့်တက်ရောက်

ဖေဖော်ဝါရီ ၁၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ် အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် အမေရိကန်တင်းနစ်မယ် အီဗာဂျိုဗစ်က ရုရှားတင်းနစ်မယ် ဒိုင်ယာနာ ရှနိုက်ဒါကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၆-၄၊ ၁-၆၊ ၆-၀ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၁၆ ဦးအဆင့်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သည်။

အသက် ၁၈ နှစ်အရွယ် ဂျိုဗစ်သည် ၆၄ ဦးအဆင့်တွင်လည်း ဥဇဘက်ကစ္စတန်တင်းနစ်မယ် ကာမီလ်လာ ရာကီမိုဗာကို အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရပြီး ၆-၁၊ ၁-၆၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ် ၁၆ ဦးအဆင့်တွင် တစ်နိုင်ငံတည်းသူ နာမည်ကြီး ဂျက်ဆီကာ ပဲဂူလာနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ဂျိုဗစ်သည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ခဲ့သည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့သည်။

ဂျိုဗစ်နှင့်အတူ ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ် ၁၆ ဦးအဆင့်သို့ အခြားနာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် အနီဆီမိုဗာ၊ အန်ဒရေဗာ၊ ဘင်းဆစ်၊ တော်ဆန်၊ ရူဇစ်တို့ တက်လှမ်းနိုင်ခဲ့သည်။

# ကမ္ဘာ့အဆင့် (၂) ဆင်းနား ကာတာအိုးပင်း ၁၆ ဦးအဆင့် တက်ရောက်



ကာတာအိုးပင်းအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ကမ္ဘာ့အဆင့် (၂) အီတလီနာမည်ကျော် တင်းနစ်ကစားသမား ဂျန်းနစ်ဆင်းနားသည် ပြိုင်ဘက်ချက်ဖ်တင်းနစ်ကစားသမား တိုမတ်စ် မာဟတ်ချ်ကို ၆-၁၊ ၆-၄ ရလဒ်ဖြင့် အနိုင်ယူကာ ၁၆ ဦးအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

၎င်းသည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ဩစတြေးလျ အိုးပင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့သော်လည်း နာမည်ကြီး ဆားဘီးယားတင်းနစ်အကျော်အမော် နိုဗက်ခ်ဂျိုကိုဗစ်ကို ၆-၃၊ ၃-၆၊ ၆-၄၊ ၄-၆၊ ၄-၆ ရလဒ်ဖြင့် ရှုံးနိမ့်ကာ နောက်တစ်ဆင့်တက်လှမ်းခွင့် လွဲချော်ထားသူ ဖြစ်သည်။

အသက် ၂၄ နှစ်အရွယ် ဆင်းနားသည် ကာတာအိုးပင်း ၁၆ ဦးအဆင့်တွင် ဩစတြေးလျတင်းနစ်ကစားသမား အလက်ဇီပိုပီရင်နှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ပိုပီရင်သည် ၃၂ ဦးအဆင့်တွင် ကာတာတင်းနစ်ကစားသမား မူဘာရက်အယ်ဟာရာစီနှင့် တွေ့ဆုံခဲ့ပြီး ၆-၀၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၁၆ ဦးအဆင့်သို့ တက်လှမ်းလာသူ ဖြစ်သည်။

# လက်ချီက ကက်ဂလီယာရီကို ဂိုးပြတ်အနိုင်ယူပြီး တန်းဆင်းဇုန်မှ လွတ်မြောက်လာ



အီတလီစီးရီးအေ ပွဲစဉ် (၂၅) မှ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သော ကက်ဂလီယာရီနှင့်လက်ချီ အသင်း ပွဲစဉ်တွင် လက်ချီအသင်းက နှစ်ဂိုးပြတ်နိုင်ပွဲရရှိကာ တန်းဆင်းဇုန်မှ လွတ်မြောက်ခဲ့သည်။

ကက်ဂလီယာရီအသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေး ဖန်တီးမှု နှစ်ကြိမ်ရှိခဲ့သော်လည်း နှစ်ကြိမ်စလုံး သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိပေ။ တန်းဆင်းဇုန်မှ လွတ်မြောက်ရေး အာရုံစိုက်ကစားလာသည့် လက်ချီအသင်းက ရရှိလာသည့် အခွင့်အရေးများကို အမိအရအသုံးချကာ သွင်းဂိုးများအဖြစ် ပြောင်းလဲပြီး ဂိုးပြတ်နိုင်ပွဲဖော်ဆောင်ကာ တန်းဆင်းဇုန် အတွင်းမှ လွတ်မြောက်ခဲ့ခြင်း ဖြစ်သည်။

ကက်ဂလီယာရီအသင်းသည် ပွဲကိုထိန်းချုပ်နိုင်ရန် ကြိုးပမ်းမှုနှင့်အတူ ဂိုးပေါက်ခြိမ်းခြောက်မှု အကြိမ်ရေ အများအပြား ရရှိခဲ့သော်လည်း ဂိုးပေါက်တည့်မတ်အောင်ပင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့သောကြောင့် နှစ်ပွဲဆက် ဂိုးပြတ်ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။

# ကိုဗင်ထရီက မစ်ဒယ်ဘရော့ကို အနိုင်ယူပြီး အမှတ်ပေးဇယား ပြန်လည်ဦးဆောင်ခွင့်ရရှိ

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃၂) မှ နည်းပြ ဖရန့်လမ်းပတ်၏ ကိုဗင်ထရီအသင်းနှင့် မစ်ဒယ်ဘရော့အသင်းပွဲစဉ်ကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ကိုဗင်ထရီအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး အမှတ်ပေးဇယားကို တစ်မှတ်အသာဖြင့် ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။ မစ်ဒယ်ဘရော့အသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ကန်သွင်းမှုအသာဖြင့် ကိုဗင်ထရီအသင်းကို တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်း၏ တုံ့ပြန်ကစားပုံ ကောင်းမွန်မှုကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ မစ်ဒယ်ဘရော့ အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် နိုင်ပွဲဆက် ရရှိမှုမှတ်တမ်း ရပ်တန့်ခဲ့သည်။ ပြိုင်ဘက်ကိုဗင်ထရီအသင်းက ယခုအနိုင်ပွဲကြောင့် သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှု ချေဖျက်နိုင်ခဲ့သည်။

■ မိုးဇက်-စုစည်းရေးသားသည်


ဆီးချိုသွေးချိုရောဂါရှင်များကျန်းမာဖို့
ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးကြပါစို့
ကာကွယ်ဆေး မထိုးနှံဖြစ်စေသော အကြောင်းအရင်းများ
- ရောဂါအခံရှိသောကြောင့် ကာကွယ်ဆေးထိုးနှံရမည်ကို ကြောက်ခြင်း
- မိမိသောက်နေကြဆေးများနှင့် ကာကွယ်ဆေး ဓာတ်မတည့်ဖြစ်မည်ကို ကြောက်ခြင်း
- ဆေးထိုးစုရပ်များသို့လာရောက်ရန်ခက်ခဲခြင်း
- ပတ်ဝန်းကျင်မှပြောသော သတင်းစကားအမှားများကြောင့် ကာကွယ်ဆေးမထိုးနှံခြင်း
- မိသားစုဝင်များမှ အသက်ကြီးသဖြင့် ကာကွယ်ဆေးထိုးနှံရန် မလိုအပ်ဟု ထင်မြင်၍ လာရောက်မထိုးပေးခြင်း
COVID-19
VACCINE
ကာကွယ်ဆေး ထိုးနှံသင့်သော အကြောင်းအရင်းများ
- ရောဂါအခံရှိသူချင်းအတူတူ ကာကွယ်ဆေးထိုးနှံထားသောသူက မထိုးထားသူထက် ကူးစက်နိုင်ခြေ ပိုမိုနည်းပါးခြင်း
- ကာကွယ်ဆေးထိုးနှံပြီးပါက ပုံမှန်သောက်နေကျဆေးဝါးများကို ဆက်လက်သောက်သုံးနိုင်ခြင်း
- ဆေးထိုးစုရပ်များသို့ အနီးအနားမှ ရောဂါရှင်များ စုစည်း၍ လာရောက်ထိုးနှံနိုင်ခြင်း
- သက်ကြီးရွယ်အိုများအနေဖြင့် ရောဂါခုခံအားနည်းသဖြင့် ကာကွယ်ဆေးထိုးနှံမှုခံယူရန် ပိုမိုလိုအပ်ခြင်း
မိသားစုဝင်များအနေဖြင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ/ဆီးချိုသွေးချိုရောဂါရှိသူများအား
ကာကွယ်ဆေးထိုးနှံမှု အကြိမ်ပြည့်ခံယူနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြရန်လိုအပ်ပါသည်


အရက်သောက်ခြင်းကြောင့်
ဖြစ်ပွားနိုင်သော နောက်ဆက်တွဲပြဿနာများ
အရက်သောက်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာရောဂါများ၊စိတ်ပိုင်းဆိုင်ရာပြဿနာများနှင့်
လူမှုရေးဆိုင်ရာပြဿနာများဖြစ်ပွားစေသည်သာမက ဖြတ်မရအောင် စွဲလမ်းစေတတ်ပြီး
အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။
အရက်ကြောင့်ဖြစ်သော ရုပ်ပိုင်းဆိုင်ရာရောဂါများ
အာရုံကြောများ အားနည်းခြင်း
ဦးနှောက်ကျုံ့ခြင်း၊ တက်ခြင်း
အစာအိမ်ရောင်ခြင်းနှင့် အသည်းကင်ဆာဖြစ်ခြင်း
သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ
ပန်းသေပန်းညှိုးဖြစ်ခြင်း
အာဟာရချို့တဲ့ခြင်း၊ ဗီတာမင်ဓါတ်များ ချို့တဲ့ခြင်း
သွေးတိုးရောဂါ
အရက်ကြောင့်ဖြစ်သော စိတ်ပိုင်းဆိုင်ရာပြဿနာများ
သံသယစိတ်လွန်ကဲခြင်း
အမှန်တကယ်မရှိသော အသံများကြားရခြင်း၊ မြင်ရခြင်း
စိုးရိမ်စိတ်လွန်ကဲခြင်း
စိတ်ဓါတ်ကျခြင်း
ကိုယ်ပိုင်အရည်အချင်းများ၊ ဆုံးဖြတ်ချက်များ ချို့ယွင်းလာခြင်း
မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်း၊ သတ်သေခြင်း
ကိုယ်ပိုင်အရည်အချင်းများ ချို့ယွင်းလာခြင်း
အမှန်တကယ်မရှိသော အသံများ ကြားရခြင်း၊ မြင်ရခြင်း
အရက်ကြောင့်ဖြစ်သော လူမှုရေးပြဿနာများ
မိသားစု၊ သူငယ်ချင်းများနှင့် အဆင်မပြေဖြစ်ခြင်း
ပညာရေး၊ စီးပွားရေး၊ လူမှုရေး ထိခိုက်စေခြင်း၊
ယာဉ်မတော်တဆမှုများဖြစ်နိုင်ခြင်း
အိမ်ထောင်ရေးအဆင်မပြေဖြစ်ခြင်း
မိသားစု စိတ်ဖိစီးခြင်း
ကလေးငယ်များ စိတ်ဒဏ်ရာရခြင်း
အိမ်ထောင်ပြိုကွဲသည်အထိ ဖြစ်နိုင်ခြင်း
အရက်သောက်ခြင်းကို အစမပြုမိစေရန်လိုအပ်ပါသည်။
အရက်ဖြတ်လိုပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများတွင် အမြန်ဆုံးသွားရောက် တိုင်ပင်ဆွေးနွေးပါ။


ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူပြီးသော်လည်း
ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ
ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုကိုအကြိမ်ပြည့် မပျက်မကွက်ခံယူပါ၊
ကိုဗစ်-၁၉ရောဂါကို မိမိကစ၍ ဆက်လက်ကာကွယ်ပါ
တတ်နိုင်သမျှ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေပါ
သံသယလက္ခဏာခံစားရလျှင် ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ပါ
ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ဆိုးပါ
ပြတင်းပေါက်များကို ဖွင့်ထားပါ။
လက်ကို စက္ကန့်(၂၀)ကြာ ဆေးကြောပါ
တတ်နိုင်သမျှ အိမ်မှာနေပါ
လူစုလူဝေး ရှောင်ပါ
သံသယလက္ခဏာခံစားရလျှင် ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်ပါ
ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့်
ကာကွယ်ရေးနည်းလမ်းများကိုလိုက်နာခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ-
၁။ ကိုယ့်ကိုကိုယ် ကာကွယ်နိုင်ခြင်း
၂။ အခြားသူများကို ကာကွယ်နိုင်ခြင်း
၃။ မျိုးဗီဇပြောင်းပိုးများ ကူးစက်မှုမှ ကာကွယ်နိုင်ခြင်း
၄။ ရောဂါကူးစက်မှု ကွင်းဆက်ကို ဖြတ်တောက်နိုင်ခြင်း
၅။ ကျန်းမာရေးဝန်ထမ်းများ၏ အလုပ်တာဝန်ပိမှုကို လျှော့ချနိုင်ခြင်း
"ကိုဗစ်-၁၉ကို ရပ်တန့်ဖို့ ရောဂါကာကွယ်ရေးနည်းလမ်းများကို
အားလုံးဆက်လက်လိုက်နာကြပါစို့"


နေ့စဉ်ဘဝတွင် ပုံမှန်စားသုံးသင့်သည့် ထမင်းတစ်ပန်းကန်စာ နမူနာ
(Plate Model for Balanced Diet)
ထမင်းစားပန်းကန်၏ မျက်နှာပြင်ကို လေးပိုင်းခွဲပါ။
လေးပုံတစ်ပုံတွင် ကစီဓာတ်ပါသော အစားအစာများကို ထည့်ပါ။
(ဥပမာ - ထမင်း၊ ကြာဇံ၊ ခေါက်ဆွဲ၊ ပေါင်မုန့်၊ ပလာတာ၊မုန့်ဟင်းခါးမုန့်ဖတ်၊ ...စသည်)
ကျန်တစ်ပုံတွင် အသားဓာတ်ပါသော အစားအစာ၊ (ဥပမာ - အသား၊ ငါး၊ ပဲ၊ ဥ အမျိုးမျိုး) များကို ထည့်ပါ။
ကျန်နှစ်ပုံ (သို့မဟုတ်) ထမင်းစားပန်းကန်၏ ဧရိယာထက်ဝက်တွင် ဟင်းသီးဟင်းရွက် အစုံအလင်ထည့်ပါ။
အသင့်အတင့်စားပါ
(အသားဓါတ်ပါသော အစာများအား ၁/၄ စားသုံးပါ)
များများစားပါ
(အသီးအရွက်များအား တစ်ဝက်ခန့် စားသုံးပါ)
ဟင်းသီးဟင်းရွက်များ
လျှော့စားပါ
(ကစီဓါတ်ပါသော အစာများအား ၁/၄ စားသုံးပါ)
ကစီဓာတ်ပါဝင်သော အစားအစာများ
(ဥပမာ - ထမင်း)
ရေဆာလျှင် ရေကိုသာသောက်ပါ၊ အချိုရည် မသောက်ပါနှင့်၊ အစားအစာ ပုံမှန်ပမာဏကို
သင့်တင့်မျှတစွာဖြင့် အချိန်မှန်စားပါ၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း ပုံမှန်လုပ်ပါ၊
ဆေးလိပ်၊ ဆေးရွက်ကြီး/ ကွမ်းယာ၊ အရက်နှင့် မူးယစ်ဆေးဝါး ရှောင်ကြဉ်ပါ၊
ဆေးလိပ်
ကွမ်းယာ
မူးယစ်ဆေး
အရက်

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကျောက်ဆည်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၀

ဦးတင်စိုး နှင့် ၁။ ဦးခင်မောင်
၂။ ဦးမင်းသိန်းဦး
(တရားလို) (တရားပြိုင်များ)

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဆီဆုံ၊ ဘောဂဝတီရပ်၊ (၁)ဦးခင်မောင်(ဘ) ဦးထွန်းစိန်၊ (၂) ဦးမင်းသိန်းဦး (ဘ)ဦးခင်မောင် (ယခုနေရပ်လိပ်စာမသိသူ)သူအား သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်စိုးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း (၁၂) ရက် မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချမ်းမြေ့အောင်)
မြို့နယ်တရားသူကြီး
ကျောက်ဆည်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာချက်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ၄က္ကတောင်အုပ်စု၊ တောင်နံ့သာရပ်ကွက်ရှိ အကွက်အမှတ် (၁၃၉က)၊ ၄က္ကတောင်အနောက်၊ ဦးပိုင်အမှတ်(ဆ/၄၂)၊ ဧရိယာ အကျယ်အဝန်း (၀ ဒသမ ၁၁၀) ဧက၊ ပေ (၆၀x၈၀) ရှိသောမြေကွက်မှာ ဒေါ်အေးမြတ်သူ ၇/ပတန(နိုင်) ၀၀၁၄၁၄ က လက်ရှိထားဝယ်ယူပိုင်ဆိုင်ကြောင်းနှင့် ယင်းမြေကွက်အပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကိုရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်အတွက် ကမ်းလှမ်းခဲ့ရာ ကျွန်မမှ အရောင်းအဝယ်ပြုရန် သဘောတူသဖြင့် ရောင်းချပစ္စည်း၏တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်းခိုင်လုံသည့် စာချုပ်စာတမ်း၊ မူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ကြည်ကြည်အေး
၉/ကဆန(နိုင်)၀၇၂၆၀၈
ဟန်မြင့်မိုရ်ကျေးရွာ၊ ကျောက်ဆည်မြို့
ဖုန်း-၀၉-၇၈၄၈၈၃၈၈၇၊ ၀၉-၇၉၈၉၄၄၂၈၃

## မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊
## မဟာမြိုင်အပိုင်း(၁)ရပ်ကွက်
## အကွက်အမှတ်(ခ-၁)၊ ဦးပိုင်အမှတ်(၈၉)
## မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ဒေါ်ချိုမာရင် ၅/ဟမလ(နိုင်)၀၅၅၅၂၆၊ ဦးခင်ဖေ ၁/မညန(နိုင်)၀၂၀၄၄၅၊ ဦးရန်နိုင်ထွန်း ၉/ခမစ(နိုင်)၀၄၃၆၀၉၊ ဦးသန်းဇော်ဦး ၈/မထန(နိုင်)၀၂၉၇၅၉၊ ဦးအောင်ကျော်မိုး ၉/မရမ(နိုင်)၀၇၇၇၈၆၊ ဒေါ်မေသဉ္ဇာဦး ၁/ဟပန(နိုင်) ၀၀၁၂၀၀၊ ဒေါ်ကြေ့ကေသွယ်ဟန် ၅/မမန(နိုင်)၀၀၇၂၇၉၊ ဒေါ်သန္တာမင်း ၁၃/ကမန(ပြု)၀၀၀၆၃၉၊ ဒေါ်ဆွေဆွေမွန် ၉/မရမ(နိုင်)၀၂၁၉၀၅ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဒင်(မ်)ထန် ၅/စကန(နိုင်)၀၁၈၈၃၂ နှင့် ဦးဇော်မင်းလွင် ၁၂/တမန(နိုင်) ၀၀၄၀၇၅တို့သိစေရန် အောက်ပါအတိုင်း အသိပေးကြေညာလိုက်သည်-

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်အပိုင်း(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၁)၊ ဦးပိုင်အမှတ် (၈၉) မြေကွက်သည် ဒေါ်ဒင်(မ်)ထန်(ဘ) ဦးမဂ္ဂဝမ် ၅/စကန(နိုင်)၀၁၈၈၃၂ အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ပေါ်တွင် မြေရှင်ဒေါ်ဒင်(မ်)ထန်နှင့် ကန်ထရိုက် ဦးဇော်မင်းလွင်တို့နှစ်ဦးသည် (၈-၁-၂၀၁၃) ရက်က အာရ်စီ (၆) ထပ်ခွဲအဆောက်အအုံကို နှစ်ဦးသဘောတူ အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်ပြီး အခန်းအသီးသီးကို ရရှိသူများမှ ရောင်းချရာ၌ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူလက်ရောက်ရရှိထားခဲ့ပါသည်။ ထိုသို့ဝယ်ယူလက်ရောက်ရရှိသော အခန်းများတည်ရှိသည့် အာရ်စီ(၆)ထပ်ခွဲ အဆောက်အဦသည် (၂၈-၃-၂၀၂၅) ရက်က ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံမှာ စံချိန်/စံညွှန်းမမီသည့်အတွက် ပြိုကျပျက်စီးခဲ့သဖြင့် တိုက်ခန်းဝယ်ယူသူ ကျွန်ုပ်မိတ်ဆွေများမှလည်း ထိုနေ့မှစ၍ တိုက်ခန်းများ လက်လွှတ်ဆုံးရှုံးခဲ့ရပါသည်။

ကျွန်ုပ်မိတ်ဆွေများသည် ဝယ်ယူသည့် တိုက်ခန်းတည်ရှိရာ မြေကို အကျိုးသက်ဆိုင်သူများ ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေအား တိုက်ခန်း ရောင်းချခဲ့သော ဒေါ်ဒင်(မ်)ထန်နှင့် ကန်ထရိုက် ဦးဇော်မင်းလွင်တို့က ကျွန်ုပ်မိတ်ဆွေများ ဝယ်ယူသည့်တိုက်ခန်း ပြိုကျမှုနှင့်ပတ်သက်၍ မည်သို့ မည်ပုံ ပေးလျော်မည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်း၊ နှစ်ဘက်ပြေလည်အောင်ညှိနှိုင်းခဲ့ခြင်းများမရှိပါ။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေများဝယ်ယူသည့် တိုက်ခန်းများတည်ရှိရာ အထက်ဖော်ပြပါ မြေသည် ကျွန်ုပ်မိတ်ဆွေများ၏ အကျိုးခံစားခွင့်များ ပါဝင်နေသောကြောင့် ကျွန်ုပ်မိတ်ဆွေများမသိရှိဘဲ ရောင်း၊ ပေါင်၊ လွှဲ၊ ငှား၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း ခြင်းများ စသည်တို့ကို ပြုလုပ်ပါက လက်ခံဆောင်ရွက်ခြင်းမပြုရန်နှင့် ထိုသို့ဆောင်ရွက်မှုများကို လက်ခံဆောင်ရွက်ပါက လက်ခံဆောင်ရွက်သူများ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

ကြေညာသူများ၏လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအောင်ဗိုလ်မင်း (LL.M, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၄၀၆၄/၂၉-၁၂-၁၇)
၃၂ လမ်းထောင့်x၆၈လမ်း၊ မန္တလေးမြို့
ဖုန်း-၀၉-၄၄၅၅၆၄၉၇၇၊ ၀၉-၆၆၁၂၅၉၄၀၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရွှေပြည်သာမြို့နယ်အမှတ်(၄)လမ်းမအား (၈)လမ်းသွားလမ်းမအဖြစ်လမ်းတိုးချဲ့ရာတွင် မလွတ်ကင်းသော ၆၆ကေဗွီ လော့ကား-ရွာမ (သံမဏိ) ဓာတ်အားလိုင်းအားဖြုတ်သိမ်း၍ လမ်းတိုးချဲ့ဧရိယာမှ ကင်းလွတ်သော နေရာတစ်လျှောက် ၂၄ မီတာတိုင်များအသုံးပြု၍တည်ဆောက်မည့်လုပ်ငန်းအတွက်(ပစ္စည်း+လုပ်အားခ) ပုတ်ပြတ် (Turnkey)စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသည်။
၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၁၈.၂.၂၀၂၆) နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။
၃။ တင်ဒါပိတ်ရက်မှာ (၄.၃.၂၀၂၆) နေ့၊ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/5462 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် (ညည-၆)၊ ဦးပိုင်အမှတ် (၃၁) မြေကွက်တွင်နေထိုင်သူ "ဦးမြင့်(ဘ)ဦးထွန်း" (၅/အရတ(နိုင်)၀၃၆၀၁၁) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

အထက်ဖော်ပြပါမြေကွက်မှာ "တသ လှသန်း (ဘ) ဦးသိန်းထွန်း" တောဂရန်အမှုတွဲအမှတ် (၇၂၇၂/၉၀-၉၁)အရ (၃၁-၅-၁၉၉၁) ရက်မှ (၃၀-၅-၂၀၂၁) ရက်အထိ နှစ် (၃၀) ရရှိထားသော (ဂရန်) မြေကွက် ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ မြောက်ဘက်ခြမ်းပေ(၂၀x၄၀) အကျယ်အဝန်းရှိ မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ "ဦးမြင့်(ဘ)ဦးထွန်း" (၅/အရတ(နိုင်)၀၃၆၀၁၁) က စာချုပ် စာတမ်းအဆင့်ဆင့်၊ အထွေထွေကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ လက်ရှိလက်ရောက်နေထိုင်အသုံးပြုလျက်ရှိသော မြေကွက်ဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်၏မိတ်ဆွေမှ အထက်ပါမြေကွက်အား (ဂရန်) သက်တမ်းတိုး အမည်ပြောင်း ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင်လိုအပ်သော ကိစ္စအဝဝတို့ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ယဉ်ယဉ်မေ(LL.B) စဉ်-၁၆၅၉၁
(တရားလွှတ်တော်ရှေ့နေ)
၅၇လမ်း၊ ချမ်းမြသာစည်မြို့နယ် ၊ မန္တလေးမြို့၊
ဖုန်း-၀၉ - ၄၀၀၄၆၉၁၈၈

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် (ညည-၆)၊ ဦးပိုင်အမှတ် (၃၁) မြေကွက်တွင်နေထိုင်သူ "ဒေါ်အေးအေးမော် (ဘ) ဦးမြင့်အောင်" (၉/ခမစ (နိုင်) ၀၀၉၇၂၇) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

အထက်ဖော်ပြပါမြေကွက်မှာ "တသ လှသန်း" တောဂရန်အမှုတွဲအမှတ် (၇၂၇၂/၉၀-၉၁)အရ (၃၁-၅-၁၉၉၁) ရက်မှ (၃၀-၅-၂၀၂၁) ရက် အထိ နှစ် (၃၀) ရရှိထားသော (ဂရန်) မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ တောင်ဘက်အစွန်ဆုံးခြမ်း ပေ(၂၂x၄၀) အကျယ်အဝန်းရှိ မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ "ဒေါ်အေးအေးမော်(ဘ)ဦးမြင့်အောင်" (၉/ခမစ(နိုင်)၀၀၉၇၂၇) က စာချုပ်စာတမ်းအဆင့်ဆင့်/အထွေထွေကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ လက်ရှိလက်ရောက်နေထိုင်အသုံးပြုလျက်ရှိသော မြေကွက်ဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်၏မိတ်ဆွေမှ အထက်ပါမြေကွက်အား (ဂရန်) သက်တမ်းတိုးအမည်ပြောင်း ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် လိုအပ်သောကိစ္စအဝဝတို့ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးအေးမော်၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ယဉ်ယဉ်မေ (LL.B) စဉ်-၁၆၅၉၁
(တရားလွှတ်တော်ရှေ့နေ)
၅၇လမ်း၊ ချမ်းမြသာစည်မြို့နယ် ၊ မန္တလေးမြို့
ဖုန်း-၀၉ - ၄၀၀၄၆၉၁၈၈

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် (ညည-၆)၊ ဦးပိုင်အမှတ်(၃၁) မြေကွက်တွင် နေထိုင်သူ ဒေါ်ခင်မြတ်မိုး (ဘ) ဦးတင်မောင်စိန် (၅/ကလတ(နိုင်)၀၀၄၈၄၀) နှင့် ဦးဟိန်းသန့်ဆွေ (ဘ) ဦးမြင့်ဆွေ (၅/ကလတ(နိုင်)၁၂၅၀၁၂) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

အထက်ဖော်ပြပါမြေကွက်မှာ "တသ လှသန်း (ဘ) ဦးသိန်းထွန်း" တောဂရန်အမှုတွဲအမှတ် (၇၂၇၂/၉၀-၉၁) အရ (၃၁-၅-၁၉၉၁) ရက်မှ (၃၀-၅-၂၀၂၁) ရက်အထိ နှစ် (၃၀) ရရှိထားသော (ဂရန်) မြေကွက် ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ အလယ်စိပ်ပေ (၁၈x၄၀) အကျယ်အဝန်းရှိ မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြတ်မိုး (ဘ) ဦးတင်မောင်စိန် (၅/ကလတ(နိုင်) ၀၀၄၈၄၀) နှင့် "ဦးဟိန်းသန့်ဆွေ (ဘ) ဦးမြင့်ဆွေ (၅/ကလတ(နိုင်)၁၂၅၀၁၂) က စာချုပ်စာတမ်း အဆင့်ဆင့်/ အထွေထွေကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ လက်ရှိလက်ရောက်နေထိုင် အသုံးပြုလျက်ရှိသော မြေကွက်ဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်၏မိတ်ဆွေများမှ အထက်ပါမြေကွက်အား (ဂရန်) သက်တမ်းတိုး အမည်ပြောင်း ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် လိုအပ်သော ကိစ္စအဝဝတို့ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မြတ်မိုးနှင့် ဦးဟိန်းသန့်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်မေ(LL.B) (စဉ်-၁၆၅၉၁) တရားလွှတ်တော်ရှေ့နေ
၅၇လမ်း၊ ချမ်းမြသာစည်မြို့နယ် ၊ မန္တလေးမြို့
ဖုန်း-၀၉-၄၀၀၄၆၉၁၈၈

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ဈေးပြိုင်စနစ်ဖြင့်လေလံခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ ပြန်လည်အသုံးပြု၍ မရတော့သည့် ရေစင်အဟောင်းအပျက်အား ဈေးပြိုင်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

| စဉ် | လေလံအမှတ် | တည်နေရာ | ပစ္စည်းအမျိုးအမည် |
|---|---|---|---|
| ၁။ | ၀၂/မမ/လေလံ ၂၀၂၅-၂၀၂၆ | တိုင်းအမှတ်(၇) ရန်ကုန်ဘူတာကြီးနယ်မြေ ပါဆယ်ရုံ(၂)အနီးမြေနေရာရှိ | ရေစင် (50' အမြင့်)+ (Water Tank 28' x 8'x 12'=2Nos)(37.76)Ton |

လေလံပိတ်မည့်နေ့/အချိန်( ၅.၃ .၂၀၂၆) (ကြာသပတေးနေ့)မွန်းတည့်(၁၂: ၀၀)နာရီ

၂။ လေလံပုံစံများကိုအောက်ဖော်ပြပါဌာနတွင်(၁၈.၂.၂၀၂၆)ရက်နေ့မှ(၃.၃.၂၀၂၆)ရက်နေ့ထိ (ရုံးပိတ်ရက်မပါ)ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း- ၀၁-၂၉၁၉၉၁၊ ၀၁-၂၉၁၉၉၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် (၁၁၉) မြေကွက်အမှတ် (၄၃၄) မြေအကျယ်အဝန်း (၄၀ x ၆၀)ပေရှိသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြနှင့် မြေယာစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်အဲလစ်ဇဘက်တိုး အမည်ပေါက်ဖြင့် မှတ်သားတည်ရှိသော မြေချပါမစ်မူရင်းမြေကွက်ဖြစ်ပြီး အမည်ပေါက်ဒေါ်အဲ လစ်ဇဘက်တိုးမှာ ကွယ်လွန်၍ ၎င်း၏အမွေဆက်ခံပိုင်ခွင့်ရှိသော သားသမီး(၃)ယောက်ဖြစ်သော ၁။ နော်ဒီဘိုးရာလိန်း (၁၂/ကမတ(နိုင်)၀၀၁၅၉၂) ၂။ စောဒဲနီရယ်လိန်း (၁၂/ကမတ(နိုင်) ၀၅၃၈၀၉) နှင့် ၃။ နော်ဒိုင်းနာလိန်း (၁၂/ကမတ(နိုင်)၀၄၈၁၃၆) တို့မှ မြေချပါမစ်မူရင်းနှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့်တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဒေဝီ LL.B(အထက်တန်းရှေ့နေ) (စဉ်-၅၃၄၃၁)**
**အမှတ် ၉၁၃၊ ရေသန့်လမ်း၊ ၁၃၁ ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၇၉၃၀၆၀၅၀၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၅)၊ ဦးပိုင်အမှတ် (၅၁)၊ ၄၀ (စီ) လမ်း၊ ၅၃x၅၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးနိုင် ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၄၃၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဟိန်းထက်အောင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၃၈၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မာဦး ၁၃/လရန(နိုင်) ၁၈၀၉၃၉ က အမှုတွဲအမှတ် (၅၁၅၃/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/83156, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမြကြည် ၁၃/နခန(နိုင်)၀၀၁၃၃၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပြည်)
ပြည်မြို့

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ ပန်းမရပ်နေ ဒေါ်စန်းမြင့် ၉/မကန (နိုင်)၀၁၄၅၂၃ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်စန်းမြင့် ၏သမီးဖြစ်သူ ဒေါ်မိုးသဲဖြူ ၉/မကန(နိုင်)၀၉၂၂၂၈ သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိခင်စိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့်နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးလပြည့်နိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၅၁)
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၄၄၄၀၀၂၆၅၆

## အများသိစေရန် ကြေညာခြင်း

Myanmar Agro Growers & Processors Co.,Ltd ဒါရိုက်တာဖြစ်သူ ဦးဟန်ဇော်ထွန်း (၁၀/မလမ (နိုင်) ၂၀၆၉၀၄) ၏ လွှဲအပ်ခြင်းအရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်ဇော်ထွန်း အပါအဝင် ဒါရိုက်တာ (၃) ဦးသည် အထက်ဖော်ပြပါကုမ္ပဏီ၏ ဒါရိုက်တာနှင့် ရှယ်ယာရှင်နေရာမှ နှုတ်ထွက်ပြီး ဦးမိုဟမ်မဒ်ဖရ်ဟာန် (၁၂/ပဘတ (နိုင်) ၀၃၀၁၄၉)အား ဒါရိုက်တာနှင့်ရှယ်ယာရှင်အဖြစ် (၁၀-၂-၂၀၂၆)ရက်မှ စတင်၍ ခန့်အပ်တာဝန်ပေးလိုက်ပါသည်။ ထို့ကြောင့် (၁၀- ၂- ၂၀၂၆) ရက် နောက်ပိုင်း ဖော်ပြပါကုမ္ပဏီနှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့် မည့်သည့်ကိစ္စမဆို ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်ဇော်ထွန်း အပါအဝင် ယခင် ဒါရိုက်တာများနှင့် သက်ဆိုင်ခြင်း မရှိပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ခြင်းအရ
ဒေါ်ဆင့်သီရိခင်ဇော် (LLB, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၄၄ ) (၃၁-၇-၂၀၁၈)
ဖုန်း-၀၉-၄၅၁၃၈၁၂၇၂

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်
တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်
အခုချိန်စိုက် နောက်မကျ
ဒုတိယအကြိမ် အကောင်းဆုံးပ

**လျှပ်စစ်ဓာတ်အား ချွေတာရေး နည်းလမ်းများ**

- ရုံးချိန်အတွင်း အလင်းရောင် ဝင်ရောက်နိုင်သော ပြတင်းတံခါးများအား ဖွင့်လှစ်၍ လျှပ်စစ်မီးသီး၊ မီးချောင်းများ သုံးစွဲမှု လျှော့ချရန်။
- လေဝင် နိုင်သော ပြတင်း တံခါးများ ဖွင့်လှစ်၍ လေအေးပေးစက် သုံးစွဲခြင်းနှင့် လျှပ်စစ် ပန်ကာများ သုံးစွဲခြင်းအား လျှော့ချရန်။
- ရုံးပြန်ချိန်တွင် မလိုအပ်သော လျှပ်စစ်မီး သုံးစွဲမှုများ ရှိ/မရှိ သေချာစစ်ဆေးရန်။

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂၁/၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| (က) | 68 (LPT)/MPE-TLN/ 2025-2026 | Iso Octane(Primary Reference Fuel) | 200 Liters |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၁၈-၂-၂၀၂၆ ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ် (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါကို ၄-၃-၂၀၂၆ ရက် ၊ (၁၁:၀၀) နာရီမှ (၁၂:၀၀) နာရီအတွင်း စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ဖုန်း-၀၉-၈၆၃၁၄၅၉၈၈,၀၉-၄၂၀၂၄၁၄၅၃,**
**၀၉-၄၀၁၅၄၆၇၇၀,၀၉-၂၆၄၉၉၂၂၀၉**

## ဦးခင်ဇော် ၁၂/ဥကတ(နိုင်)၁၁၅၇၄၃၊ ဦးသိန်းနိုင် ၁၂/ဥကတ(နိုင်)၀၇၄၇၁၂၊ ဒေါ်အေးအေးမြင့် ၁၂/ဥကတ(နိုင်)၀၉၅၄၇၈ တို့နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သည့် ဦးဝင်းကျော်မြင့် ၁၂/ပဘတ (နိုင်)၀၁၉၈၇၄နှင့်ဦးသိန်းရွှေ ၁၂/ကတတ(နိုင်)၀၁၈၅၄၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေများနှင့် ဦးခင်ဇော်၊ ဦးသိန်းနိုင်၊ ဒေါ်အေးအေးမြင့်တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၅)၊ မြေတိုင်းရပ်ကွက်အမှတ်(၅) မြေကွက်အမှတ် (၇၇၄/ခ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ နှစ် (၆၀) ဂရန်မြေအမျိုးအစား မြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ရန်အတွက် ၆-၁၂-၂၀၁၈ ရက်စွဲပါ ခြောက်ထပ်တိုက်သစ်ဆောက်လုပ်ရန် မြေရှင်/အိမ်ရှင်နှင့် ကန်ထရိုက်တာတို့သဘောတူကတိစာချုပ်ချုပ်ဆိုခဲ့ကြ၍ နှစ် (၆၀) ဂရန်မြေအမျိုးအစားမြေကွက်၏ မြေငှားဂရန်စာချုပ် မူရင်းအား ကျွန်ုပ်တို့၏မိတ်ဆွေများကို ပေးအပ်ခဲ့ပါသည်။

အဆိုပါ မြေကွက်၏ နှစ် (၆၀) ဂရန်မူရင်းသည်ကျွန်ုပ်မိတ်ဆွေတို့၏လက်ဝယ်တွင် ၆-၁၂-၂၀၁၈ရက်မှစ၍ ယနေ့အချိန်အထိရှိသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေတို့၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူနှင့် လက်ခံဆောင်ရွက်သူတို့အား ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာပါသည်။

**ဦးဝင်းကျော်မြင့် နှင့် ဦးသိန်းရွှေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်မော်မော်ခင် | ဒေါ်သဲအိစံ | ဦးခိုင်ကျော်ဟိန်း |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၇၃၃၆) | (စဉ်-၅၅၆၇၇) | (စဉ် - ၅၆၉၈၅) |

**တိုက်အမှတ်(၁၂၄)၊ အခန်းအမှတ်(၅)၊ ရန်နိုင်လမ်းသွယ်(၃) ၊(၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်**
**ဖုန်း- ၀၉-၅၀၂၉၉၅၈၊ ၀၉- ၄၃၀၉၅၄၈၆**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အထက၊ ရခိုင်ချောင် Grade-9 မှ မောင်ချစ်မင်းကို ၏ ဖခင်အမည်မှန်မှာ ဦးတင်ဆန်း (၁၂/ဒလန(နိုင်)၀၅၅၃၄၄) ဖြစ်ပါကြောင်း။

**ဦးတင်ဆန်း**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

သာစည်မြို့နယ်၊ မောင်းမဆည် ကျေးရွာနေ (ဘ)ဦးဝင်းမြိုင်၏သား မောင်နိုင်မိုးဦး ၉/သစန(နိုင်)၁၅၁၂၆၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၂၁၉၈၉၁**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ (ဘ)ဦးမောင်မြင့် ၏ သမီး မမြင့်မြင့်အေး ၁၂/လမန(နိုင်)၁၁၈၁၄၆ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၇၈၈၆၉၃၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6S/9923 Toyota Hilux Adventure P/U Double Cab (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်းဦး ၁၂/လသန(နိုင်)၀၁၄၀၉၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## သွေးသည်အသက်

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၀)ရပ်ကွက်၊ ရမ္မဝတီလမ်း၊ မြေကွက်အမှတ်(၆၈၆)ဟု ခေါ်တွင်သည့် ပေ(၄၀x၆၀)မြေကွက်ကြီးအား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးကျော်မျိုးထက် ၈/နမန(နိုင်)၁၄၉၄၉၂ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မြတ်မြတ်သူ၁၃/ကတန(နိုင်)၁၁၆၃၈၇ မှ တရားဝင် မခွဲမစိတ်ရသေးသည့် ၄င်းမြေကွက်ကြီးအနက်မှ (ခေါင်းရင်းဘက်ခြမ်း) ပေ(၂၀x၆၀) မြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို အဆက်အစပ်စာချုပ်များဖြင့် ရောင်းကြေးငွေအပြည့်အဝ ပေးချေဝယ်ယူထားပြီးဖြစ်ပါကြောင်းနှင့် ၄င်းခြမ်းမြေကွက်နှင့်ပတ်သက်၍ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပိုင်ရေးဆိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များအားလုံးစုံတို့သည် ကျွန်ုပ်၏မိတ်ဆွေလက်ဝယ်တွင်သာ အလုံးစုံတည်ရှိသွားပြီဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်မြတ်မြတ်သူ**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလင်းလင်းဖြိုး (တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၈၅၄၁(၂၀၂၃)**
**အမှတ်(၁၇)၊ ငါးမာရ်အောင်ဘုရားလမ်း၊**
**(၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၆၃၄၄၅၃၃၅၊ ၀၉-၆၆၆၆၇၀၁၀၁**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(A-၀၃၆)တွင် နေထိုင်သူ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မြင့်သူကျော်(ခ) ဒေါ်မဋ္ဌူကျော်မှာ "မြင့်" စားသောက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းအား နာမည်ဂုဏ်သတင်း ကောင်းမွန်စွာဖြင့် လုပ်ကိုင်လျက်ရှိသူတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မြင့်သူကျော်(ခ)ဒေါ်မဋ္ဌူကျော် မှာ စားသောက်ကုန်လုပ်ငန်းအား လက်လီ၊ လက်ကား၊ အွန်လိုင်းစနစ်များဖြင့် ရောင်းချနေသူတစ်ဦးဖြစ်ပါသည်။ ထိုကဲ့သို့ ကျွန်ုပ်၏မိတ်ဆွေမှာနာမည်ဂုဏ်သတင်းကောင်းဖြင့် ရိုးသားစွာရောင်းချလုပ်ကိုင်စားသောက်နေသည်ကို နာမည်သတင်းပျက်စီးစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် မသမာသူများက အွန်လိုင်းပေါ်မှ မဟုတ်မမှန်ပြောဆိုနေခြင်း၊ ညစ်ညမ်းစွာဆဲဆိုဆိုရေးသားခြင်းများ ပြုလုပ်နေကြပါသောကြောင့် အဆိုပါရေးသား ပြောဆိုသူများအား တည်ဆဲဥပဒေများနှင့်အညီ ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြင့်သူကျော် (ခ)ဒေါ်မဋ္ဌူကျော်**
**(ဘ)ဦးကျော်စိုး ၇/ပတန(နိုင်)၁၆၇၇၃၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းသန္တာဇော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၅၆/၂၀၁၇)**
**အမှတ်(၃/၁၈၄)၊ အုတ်ကျင်းရပ်ကွက်၊ ဦးဘွားလမ်း၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉-၄၂၀၇၅၄၀၈၇၊ ၀၉-၇၉၇၈၅၁၈၅၀**

## အမှတ်-၄၉၁/ခ ဟုခေါ်တွင်သော ပေ (၂၀'x၆၀') ရှိ မြေ၏ ထက်ဝက် ပေ (၁၀' x ၆၀') မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

